မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၇ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အင်ဒိုနီးရှားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ခုနှစ် ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်း ယုဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် မှာကြားလမ်းညွှန်စဉ်။ (သတင်းစဉ်)

ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှု လျက် အသီးသီး ကြိုးစားပမ်းစား လုပ်ကိုင် ဆောင်ရွက်လျက်ရှိ၊ မိမိတို့နိုင်ငံအနေဖြင့် လည်း အရှိန်အဟုန်ဖြင့် မြန်မြန်ထက်ထက် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်သွားကြရမည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသောအထူးစီမံကိန်းကြီးများ စိစစ်ချမှတ်ပေးခဲ့ ပူးပေါင်းဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခံစားနေရပြီ

ညီညီညွတ်ညွတ် စုပေါင်းအားထုတ်မှုများကြောင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာ ကြိုးပမ်းအားထုတ်မှုကို လျှော့ချ၍မရ၊ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်အောင် ကြိုးပမ်းနေရမည်

နေပြည်တော် ဩဂုတ် ၁၆

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေး ခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၇ ရက်)

အရည်အချင်းပြည့်ဝသည့် သားကောင်းရတနာများဖြစ်ရေး ကြိုးပမ်းစွမ်းဆောင်

ယနေ့လူငယ်များသည် နောင်အနာဂတ်၏ သားကောင်းရတနာလေးများဖြစ်သည်။ အနာဂတ်၏ သားကောင်းရတနာလေးများကို လိမ္မာယဉ်ကျေးပြီး အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်လာစေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် အရည်အချင်းပြည့်ဝသူများဖြစ်လာစေရန် ပြုစုပျိုးထောင် လက်တွဲခေါ်ဆောင်သွားရမည်ဖြစ်သည်။

၎င်းတို့၏ဘဝ ကြီးပွားတိုးတက်ရေးအတွက် မိမိကိုယ်မိမိ အားကိုးလိုသောစိတ်များရှိရန်၊ လောကီ လောကုတ္တရာနှစ်ဖြာအကျိုးကို သယ်ပိုးလိုသောစိတ်များထားရှိ ကြိုးပမ်းတတ်စေရန် လေ့ကျင့်ပေးကြရမည်ဖြစ်သည်။

ယနေ့လူငယ်များသည် အချိန်သည်ရွှေထက်တန်ဖိုးကြီးသည်ဆိုသော အသိကိုအမြဲရှိလျက် မိမိ၏ဘဝတိုးတက်ရန်၊ မိသားစုဘဝတိုးတက်ရန်၊ မိမိနိုင်ငံတိုးတက်ရန် အချိန်ကို အကျိုးရှိရှိ၊ တန်ဖိုးရှိရှိ အသုံးချသွားနိုင်ကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ ဆိုစကားနှင့်အညီ မိမိအကျိုးကိုဆောင်ရွက်ရင်း ပရဟိတအကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တွင် နိုင်ငံ့ဂုဏ်ကိုဆောင်သော မြန်မာ့သားကောင်းရတနာများအဖြစ် အများအလယ်တွင် ဝင့်ထည်နိုင်မည်ဖြစ်သည်။ ထို့အတူ မိမိတို့၏နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီနိုင်ငံကြီးအဆင့်သို့ ရောက်ရှိမည်ဖြစ်သည်။

ခေတ်မီနိုင်ငံတော်ကြီးဖြစ်ရေးအတွက် သိပ္ပံနှင့်နည်းပညာများ တိုးတက်ရန်လိုအပ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းလျက်ရှိသည်။ ယနေ့ကာလ၌ အတတ်ပညာ၊ နည်းပညာများ နေ့စဉ် ဆန်းသစ်တီထွင်လျက်ရှိသည်။ ယင်းကို အဓိကစွမ်းဆောင်နိုင်ကြသူများမှာ လူငယ်များဖြစ်သည်။ တိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယနေ့လူငယ်လေးများသည် အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာလေးများအဖြစ် ခံယူနိုင်ရေးနှင့် မိမိတို့၏ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်စေရေးအတွက် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ရင်း အရည်အချင်းပြည့်ဝသူများဖြစ်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၇-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်း (ကိလေသာ အညစ်အကြေးကင်းစင်သူ)
၇း၂၅ ၄။ ဓမ္မပူဇာတေး
၇း၃၀ ၅။ မျိုးချစ်တပ်မတော်
၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၀)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၄၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ တစ်လအတွင်း အကြိုက်ဆုံး ဗွီစီဒီတေးများ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၇၂)
၂၆။ **Mini Series** (အပိုင်း-၆)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးဝါးတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးဝါးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများအား အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ဆရာ ဆရာမများအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးဝါးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က သင်ကြားလျက်ရှိသော သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အကျယ်တဝင့်မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးကျွမ်းကျင်မှုပညာသည် ကုသရေး လုပ်ငန်းများတွင်သာမက ဆေးဝါးထုတ်လုပ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများတွင်လည်း အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ကျွမ်းကျင်သူပညာရှင်အနေဖြင့် သုတေသနလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်ကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာအုတ်ပုံစာကြည့်တိုက် အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

တိုက်ကြီး ဩဂုတ် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အုတ်ပုံကျေးရွာ၌ ဩဂုတ် ၈ရက် နံနက် ၉နာရီက ရတနာအုတ်ပုံ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သီတာစမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်သိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လက်ခံယူ

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်အတွင်းရေးမှူး ဒေါ်သီတာစမ်းနှင့် ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က သုတရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

အခမ်းအနားသို့ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သာပေါင်းမြို့နယ်၌ ဖန်မီးအိမ်စာကြည့်တိုက်ပန္နက်တင်

သာပေါင်း ဩဂုတ် ၁၆

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအုပ်စု ဘုရားဦးပေါက်ကျေးရွာ ဖန်မီးအိမ်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၉နာရီက ဘုရားဦးပေါက်ကျေးရွာ စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပန္နက်ရိုက်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းစိုး၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်မျိုးတင့်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်ကုန်သွယ် လယ်ယာမန်နေဂျာ ဦးစိုးသန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးလေးမောင်နှင့် မြေအလှူရှင် ဦးလှသောင်း၊ ဦးတင်သိန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်မတည်ငွေနှင့် အလှူငွေများကို ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းကပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းစိုးက လက်ခံယူပြီး မတည်အလှူရှင်များဖြစ်ကြသည့် ရပ်မိရပ်ဖ ဦးဝင်းရှိန်၊ ဦးကျော်လွင်ဦး၊ ဦးဝင်းမြင့်၊ ဦးရဲခင်၊ ဦးကျော်မိုး၊ ဦးသာခင်အေးနှင့် ဦးတင်ဦးမိသားစုတို့က အလှူငွေကျပ် ငါးသောင်းစီ လှူဒါန်းပြီး မြေအလှူရှင် ဦးလှသောင်းနှင့် ဦးတင်သိန်းမိသားစုတို့က လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒီကမ္ဘာ သာယာလှပ စိမ်းမြမြ



17-8 (02).pmd 1 8/17/2010, 2:50 AM

✻ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

တိုင်းပြည်အတွက်အကျိုးရှိ

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာ၌ ယနေ့အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးသည် မိမိတို့နိုင်ငံ အရှိန်အဟုန်ဖြင့်တိုးတက်ရေးအတွက် ရည်မှန်းချက်ထားပြီး ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ဤအဖွဲ့ အစည်းအဝေးများက တိုင်းပြည်အတွက် အကျိုးရှိသောစီမံကိန်းကြီးများကို စိစစ်ခွင့်ပြုပေးလျက်ရှိသည်ကို အားလုံးသိကြပြီးဖြစ်ကြောင်း။

ဤသို့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အထူးစီမံကိန်းကြီးများကို စိစစ်ချမှတ်ပေးပြီး ပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ မိမိတို့တိုင်းပြည်၌ ထိရောက်သော အကျိုးသက်ရောက်မှုများ လက်တွေ့ဖြစ်ပေါ်ခံစားနေရပြီဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုလျက် အသီးသီးကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း အရှိန်အဟုန်ဖြင့် မြန်မြန်ထက်ထက် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ မိမိတို့လက်ထက်၌ ကြိုးပမ်းတည်ဆောက်သကဲ့သို့ နောင်လာနောက်သားများလက်ထက်၌လည်း ယခုကဲ့သို့ စီမံကိန်းကြီးများကို ဆက်လက်စိစစ်ရွေးချယ်တည်ဆောက်သွားရမှာဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်တိုးတက်

သို့မှသာ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျခဲ့သော မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေသော အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မှာဖြစ်ကြောင်း၊ မိမိတို့ ညီညီညွတ်ညွတ် စုပေါင်းအားထုတ်မှုများကြောင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ပြီး အခြားနိုင်ငံများကို မီလာသည့်တိုင်အောင် မိမိတို့၏ကြိုးပမ်းအားထုတ်မှု အရှိန်အဟုန်ကို လျှော့ချ၍မရကြောင်း၊ ယနေ့ ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့ တိုးတက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးအနေဖြင့် အမြဲအဆင့်အတန်းမီပြီး ရှေ့သို့ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းအတွင်းရှိ လယ်မြေနှင့် သီးနှံဧက သုံးသိန်းငါးသောင်းကျော်ကို သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ၏ ရှုမငြီးဖွယ်မြင်ကွင်းအလှ····။

မှာကြား

ယင်းအသိတရား၊ ယင်းခံယူချက်များဖြင့် မိမိနိုင်ငံကို အဆင့်အတန်းရှိသော နိုင်ငံအဖြစ် တင့်တောင့်တင့်တယ်၊ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ဖိဖိစီးစီး အားထုတ်ဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ

စဉ်	ပြည်နယ်/တိုင်း	မြို့နယ်	ဆည်/တမံ/လျှပ်စစ်မြစ်ရေတင်အမည်	စိုက်ပျိုးရေပေးဝေနိုင်မည့်ဧက
၁။	ကချင်ပြည်နယ်	မိုးမောက်မြို့နယ်	တာလီရေလွှဲဆည်	၃၄၈၆ ဧက
၂။	မကွေးတိုင်း	ချောက်မြို့နယ်	စာကြိုရေလှောင်တမံ	၁၀၀၀ ဧကခန့်
၃။	ရှမ်းပြည်နယ် (မြောက်ပိုင်း)	လားရှိုးမြို့နယ်	နမ့်ကျန်ရေလှောင်တမံ	၁၇၉ ဧကခန့်
၄။	မန္တလေးတိုင်း	မြင်းခြံမြို့နယ်	ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင်	၁၅၀၀၀ ဧက

ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားမည့် တာလီရေလွှဲဆည်စီမံကိန်း၊ စာကြိုရေလှောင်တမံစီမံကိန်း၊ နမ့်ကျန်ရေလှောင်တမံစီမံကိန်း၊ ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပြုစီမံကိန်းများအနက် ပထမစီမံကိန်းမှာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် တာလီချောင်းပေါ်၌ တာလီရေလွှဲဆည်တည်ဆောက်ခြင်းဖြင့် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာအတွင်း လယ်မြေဧက ၃၄၈၆ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရန် ကချင်ပြည်နယ်၏ ကြိုးပမ်းသည့်စီမံချက်ကိုပါ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

အထောက်အကူပြု

ဒုတိယစီမံကိန်းမှာ မကွေးတိုင်း ချောက်မြို့နယ် အိုင့်ကြီးကျေးရွာအနီး စာကြိုချောင်းပေါ်တွင် မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားမည့် စာကြိုရေလှောင်တမံစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် စိုက်ပျိုးမြေဧရိယာဧက ၁၀၀၀ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ပြီး စီမံကိန်းဒေသအတွင်း သောက်သုံးရေ ဖူလုံရုံမျှမက ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အထောက်အကူပြုမည်ဖြစ်သည်။

တတိယစီမံကိန်းဖြစ်သည့် နမ့်ကျန်ရေလှောင်တမံစီမံကိန်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာအနီး နမ့်ကျန်ချောင်းပေါ်တွင် တည်ဆောက်မည့် မြေသားတမံအမျိုးအစားဖြစ်သည်။ ယင်းစီမံကိန်း တည်ဆောက်ခြင်းဖြင့် လားရှိုးမြို့နယ်အတွင်း မြေဧရိယာ ၁၇၉ ဧကခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး လားရှိုးမြို့ ရေကန်တောင်ရှိ ရေကန်ပေါင်း ၂၀အတွင်းသို့ ရေဖြည့်သွင်းပေးခြင်းဖြင့် လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ငါးခုကို ရေပေးဝေနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေ ဖြည့်စွက်ပေး

စတုတ္ထစီမံကိန်းဖြစ်သည့် ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးတွင် ရေပေါ်ရေတင်စက်ရုံနှစ်ရုံ တည်ဆောက်၍ ရေစုပ်စက်လေးလုံးဖြင့် ဧရာဝတီမြစ်ရေကို ကမ်းပါးပေါ်သို့ တွန်းပို့ပြီး ထပ်ဆင့်ရေတင်အဆင့် ငါးဆင့်ဖြင့် ရေတင်၍ ခြောက်သွေ့ပြီး ရေရှားပါးသော နွားထိုးကြီးမြို့နယ်အတွင်းသို့ သောက်သုံးရေဖြည့်ဆည်းပေးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ဖြည့်စွက်ပေးနိုင်ရေးတို့အတွက် ရည်မှန်း၍ တည်ဆောက်မည့်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြစ်သည်။ စီမံကိန်းအရ နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်စု၏ စိုက်ပျိုးမြေဧက ၁၅၀၀၀ကို ဖြည့်စွက်ရေပေးဝေနိုင်မည်ဖြစ်သည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပဲခူးတိုင်း ဝေါမြို့နယ်ရှိ လယ်မြေဧက တစ်သောင်းခွဲကို စိုက်ပျိုးရေ ပေးဝေနိုင်ပြီး ရေငန်မဝင်ရောက်နိုင်ရန်နှင့် ရေချိုထိန်းနိုင်ရန် တည်ဆောက်ထားသော ရေတံခါးပေါက် ၄၀ပါရှိသည့် နဂါးပေါက် ရေထိန်းတံခါး။

ပင်လယ်ရေညှိမှ ဇီဝလောင်စာ ထုတ်မည်

ဟာဂျူး ဩဂုတ် ၁၆

ဇီဝလောင်စာဆီ ထုတ်လုပ်ရေးအတွက် လာမည့် ၁၀နှစ်မှ ၁၅နှစ်အတွင်း ရေညှိ စိုက်ပျိုးမှုကို ပိုမိုလုပ်ကိုင်လာကြတော့မည် ဖြစ်ကြောင်း နယ်သာလန်သုတေသနပညာရှင်များက ဩဂုတ် ၁၅ရက်တွင် ပြောကြားသည်။

အနာဂတ်ကာလတွင် ရုပ်ကြွင်းလောင်စာများနေရာ၌ ဇီဝလောင်စာဆီများကို အစားထိုး သုံးစွဲရဖွယ်ရှိကြောင်း နယ်သာလန်နိုင်ငံရှိ ဝါဂျင်နင်ဂျန်တက္ကသိုလ်နှင့် သုတေသနဌာနမှ ပါမောက္ခဝစ်ဖီးလ်နှင့် ဒေါက်တာ မာရီယာဘာဘိုဆာတို့က ပြောကြားသည်။

နောင်တွင် ရေညှိပင်များဖြင့် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ၎င်းရေညှိများစိုက်ပျိုးထုတ်လုပ်ရေးအတွက် မြေဩဇာ သုံးစွဲရန် လိုအပ်မည် မဟုတ်ကြောင်းသုတေသီများက ပြောကြားသည်။ ရေညှိစိုက်ပျိုးရေးအတွက် ပင်လယ်ရေမှ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ်တို့ကို မြေဩဇာအဖြစ် အသုံးပြုနိုင်လိမ့်မည် ဖြစ်ကြောင်း ၎င်းသုတေသီများက သုံးသပ်တင်ပြထားသည်။ (အင်တာနက်)

ရှားပါးလိပ်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အရှေ့ဘက် ချွန်ဘူရီပြည်နယ် ဆက်သာဟစ်ဒေသ၌ ရှားပါးလိပ် တစ်ကောင်ကို ပင်လယ်အတွင်းသို့ ဩဂုတ် ၁၅ရက်က ပြန်လွှတ်ပေးနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း
အစ္စရေးလေယာဉ်များ ဝင်ရောက်ကျူးကျော်မှု သတိပေး

ဘေရွတ် ဩဂုတ် ၁၆

လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း အစ္စရေးလေယာဉ်များ အကြိမ်ကြိမ် စည်းကမ်းချိုးဖောက် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း၊ ထိုသို့ ဝေဟင်ပိုင်နက်ကို ချိုးဖောက်ဝင်ရောက်ခြင်း မပြုသင့်ကြောင်း လက်ဘနွန်စစ်ဘက်က ဩဂုတ် ၁၆ရက်၌ သတိပေးပြောကြားသည်။

ပျံသန်း

လက်ဘနွန်နိုင်ငံ နာကွာရာမြို့တောင်ပိုင်း ဝေဟင်ကို အစ္စရေးလေယာဉ်များ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း၊ ၎င်းမြို့မှာ လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်မြို့ဖြစ်ကြောင်း လက်ဘနွန်စစ်ဘက်က ပြောကြားသည်။

ဖြတ်ကျော်

လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း ဩဂုတ် ၁၅ရက် ညနေ ၆နာရီ ၅မိနစ်ကလည်း အစ္စရေးတို့၏ မောင်းသူမဲ့လေယာဉ်တစ်စင်း ဖြတ်ကျော်ပျံသန်းမှု ပြုလုပ်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါနေရာသည် ပြီးခဲ့သည့် သီတင်းပတ်က အစ္စရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့သည့် နေရာဖြစ်သည်။ အစ္စရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံသား စုစုပေါင်း ၁၂၀၀ကျော် သေဆုံးခဲ့ရပြီး ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။ (အင်တာနက်)

လယ်ယာလုပ်ငန်းခွင်၌ နေ့စဉ် လုပ်ကိုင်နေဆဲ
အသက် ၁၁၀အရွယ်ရှိ ပါလက်စတိုင်း အဘိုးအို

နာဘီလပ်စ် ဩဂုတ် ၁၆

ပါလက်စတိုင်းရှိ နာဘီလပ်စ်မြို့အနီး ကျေးရွာတစ်ရွာတွင် နေထိုင်သော အသက် ၁၁၀အရွယ်ရှိ အဘိုးအို တစ်ဦးမှာ နေ့စဉ်သူ၏ လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ပါလက်စတိုင်းအရာရှိများက ဩဂုတ် ၁၆ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

လုပ်ကိုင်

၎င်းအဘိုး၏အမည်မှာ အီဘရာဟင်အစ်တီယာဖြစ်ပြီး ၎င်းနေထိုင်ရာ နာဘီလပ်စ်မြို့အနီးရှိ နာဆာရီယာရွာနှင့် မလှမ်းမကမ်း၌ရှိသော သူပိုင်ဆိုင်သည့် လယ်မြေသို့ နေ့စဉ် နံနက်စောစောတိုင်း သွားရောက်ကာ အလုပ်လုပ်ကိုင်လျက်ရှိသည်။

အီဘရာဟင်အစ်တီယာသည် ငယ်စဉ်ကပင် လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သူဖြစ်သည်။ ယခုတိုင်အောင် မိမိ၏စွမ်းအင်များ ပြည့်ဖြိုးနေဆဲဟု ယုံကြည်နေသူဖြစ်ရာ လယ်ယာလုပ်ငန်းကို ကျန်းကျန်းမာမာဖြင့် ဆက်လက်လုပ်ကိုင်သွားမည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါရွာလေးမှာ လူဦးရေ ၁၈၀၀ခန့်နေထိုင်ပြီး ၈၅ရာခိုင်နှုန်းမှာ လယ်သမားများဖြစ်ကြသည်။ အီဘရာဟင်အစ်တီယာသည် သားသမီးရှစ်ဦးရှိပြီး သားနှစ်ဦးနှင့် သမီးလေးဦးမှာ ၎င်း၏လယ်ယာလုပ်ငန်းခွင်၌ ဝိုင်းဝန်းကူညီနေကြသည်။ (အင်တာနက်)

အမေရိကန် မီဒီယာလုပ်ငန်းအပေါ် ပြည်သူတို့ ယုံကြည်မှု လျော့ပါးလာ

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်ပြည်သူ လေးပုံသုံးပုံတို့က အမေရိကန်သတင်းစာများနှင့် ရုပ်မြင်သံကြား လုပ်ငန်းများအပေါ် အယုံအကြည်လျော့ပါးလာကြောင်း အမေရိကန် ဂေါလပ်ပြည်သူ့သဘောထား ကောက်ခံချက်၌ ဖော်ပြထားသည်။

ဖော်ပြ

ဩဂုတ် ၁၃ရက်ကထုတ်ပြန်သည့် အဆိုပါ ပြည်သူ့သဘောထား ကောက်ခံချက်တွင် ပြည်သူ ၇၅ရာခိုင်နှုန်းက အမေရိကန်သတင်းစာများအပေါ် အယုံအကြည်မရှိကြကြောင်း၊ အမေရိကန်ပြည်သူ ၇၈ရာခိုင်နှုန်းက အမေရိကန် ရုပ်မြင်သံကြားအစီအစဉ်များအပေါ် အယုံအကြည်ကင်းမဲ့ကြကြောင်း ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ချီလီ၌ အလုပ်အကိုင်သစ် ၂၅၀၀၀၀ ဖန်တီးပေးမည်

စန်တီယာဂို ဩဂုတ် ၁၆

ယခုနှစ်အတွင်း ချီလီနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းများလျှော့ချရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ အလုပ်အကိုင်သစ် ၂၅၀၀၀၀ကျော် ဖန်တီးပေးနိုင်ရန်လည်း ချီလီအစိုးရအနေဖြင့် ရည်မှန်းလျက်ရှိသည်ဟု ဩဂုတ် ၁၅ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အတည်ပြု

ချီလီအစိုးရအနေဖြင့် အလုပ်အကိုင်များဖန်တီးပေးရန် ရည်ရွယ်ထားကြောင်း အလုပ်သမားရေးရာဝန်ကြီး ကာမီလာမီရီနိုက ဩဂုတ် ၁၄ရက်တွင် အတည်ပြုပြောကြားသည်။

လက်ရှိတွင် ချီလီနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ရှစ်ရာခိုင်နှုန်းရှိရာမှ အလုပ်လက်မဲ့နှုန်း ဆက်လက်လျှော့ချရန် ကြိုးစားသွားမည်ဟု အလုပ်သမားဝန်ကြီး ကာမီလာမီရီနိုက ထုတ်ဖော်ပြောကြားသည်။

ခန့်မှန်း

ချီလီနိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာဘီလီယံ ၃၀ ခန့်မှန်း တွက်ချက်ထားရှိသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပါကစ္စတန်ရေကြီးမှု လူခြောက်သန်းအကူအညီများလိုအပ်နေ

ဆူကာ (ပါကစ္စတန်) ဩဂုတ် ၁၆

ပါကစ္စတန်နိုင်ငံ၌ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေကြီးမှုဖြစ်ပွားခဲ့ရာတွင် လူပေါင်းခြောက်သန်းခန့် အကူအညီများ လိုအပ်နေသေးကြောင်း ကုလသမဂ္ဂအကူအညီပေးရေး အေဂျင်စီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ လူဦးရေ ၁၂ရာခိုင်နှုန်းဖြစ်သော လူပေါင်းသန်း ၂၀ကျော်မှာ ရေဘေးဒုက္ခ ကြုံတွေ့နေကြရကြောင်း၊ ယင်းတို့အနက် ခြောက်သန်းမှာ အစားအစာ၊ အမိုးအကာနှင့် သောက်သုံးရေများလိုအပ်နေကြောင်း ကုလသမဂ္ဂအေဂျင်စီ၏ကြေညာချက်၌ ဖော်ပြသည်။ လွန်ခဲ့သောနှစ်ပတ်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေကြီးမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ ၁၆၀၀ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ကိုလံဘီယာခရီးသည်တင် လေယာဉ်ကြီး မိုးကြိုးပစ်ခံရပြီးပျက်ကျခဲ့

ဘိုဂိုတာ ဩဂုတ် ၁၆

ကိုလံဘီယာ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဩဂုတ် ၁၆ရက်က မိုးကြိုးပစ်ခံရပြီးနောက် ပျက်ကျခဲ့သဖြင့် အနည်းဆုံးတစ်ဦးသေဆုံးပြီး ၁၁၄ ဦး ဒဏ်ရာရခဲ့ကြောင်း လေကြောင်းဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

ခရီးသည် ၁၃၁ ဦးတင်ဆောင် ပျံသန်းလာသော ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ်ကြီးသည် ကာရစ်ဘီယံပင်လယ်တွင်းရှိ ဆန်အန်းဒရက်စ်ကျွန်းပေါ်ရှိ လေဆိပ်သို့ ဆင်းသက်နေစဉ် မိုးကြိုးပစ်ချခံရခြင်းဖြစ်ကြောင်း လေကြောင်းဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ အဆိုပါခရီးသည်တင် လေယာဉ်ကြီးသည် ပြေးလမ်းပေါ်သို့ ရောက်ခါနီးတွင် မိုးကြိုးပစ်ခံရပြီးနောက် ပြေးလမ်းချော် တိမ်းမှောက်သွားကြောင်း၊ ၎င်းခရီးသည်တင်လေယာဉ်ကြီးသည် ကိုလံဘီယာမြို့တော် ဘိုဂိုတာမှ ညသန်းခေါင်ခန့်တွင် ထွက်ခွာလာသည့်လေယာဉ်ဖြစ်ကြောင်း သိရသည်။

၎င်းလေယာဉ်သည် အဆိုပါကျွန်းပေါ်ရှိ လေဆိပ်၌ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၉ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာလေတပ်မှ သတင်းထုတ်ပြန်သည်။ ဆန်အန်းဒရက်စ်ကျွန်းသည် နီကာရာဂွါကမ်းခြေအရှေ့ဘက်မိုင် ၁၂၀ ခန့် အကွာတွင် တည်ရှိသည်။ ၎င်းကျွန်းသည် ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေရာ ဒေသတစ်ခုလည်းဖြစ်သည်။ **(အင်တာနက်)**

ဩဂုတ် ၁၄ရက်က ဩစတြီးယားနိုင်ငံ တောင်ပိုင်း စတိုင်ဇီယာအရပ်၌ လေကြောင်း စွမ်းရည်ပြသရာတွင် အမျိုးသား တစ်ဦး၏ သက်စွန့်ဆံဖျား ပြကွက်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

17-8 (04).pmd 1 8/17/2010, 2:51 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်လှုပ်

ပါပူဝါနယူးဂီနီကျွန်းနိုင်ငံတွင် ဩဂုတ် ၁၆ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၄ ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ပါပူဝါနယူးဂီနီအရာရှိများက ပြောကြားသည်။

စင်ကာပူသမ္မတ တရုတ်သို့ ခရီးထွက်ခွာ

စင်ကာပူနိုင်ငံသမ္မတ အက်စ်အာနာသန်သည် အလုပ်သဘောအလည်အပတ်ခရီးအဖြစ် တရုတ်နိုင်ငံသို့ ဩဂုတ် ၁၆ရက်က ခရီးထွက်ခွာသွားကြောင်း၊ ရှစ်ရက်ကြာနေထိုင် လည်ပတ်ကာ ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ကင်မရွန်း၌ ဝမ်းရောဂါများဖြစ်ပွားနေ

ကင်မရွန်းနိုင်ငံမြောက်ပိုင်းဒေသများ၌ ဝမ်းရောဂါများဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၁၆ရက်အထိ သေဆုံးသူဦးရေမှာ ၂၀၀ကျော်ရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အစ္စရေးတို့ကမ်းလှမ်းမှု ပါလက်စတိုင်းပယ်ချ

အစ္စရေးတို့က ပါလက်စတိုင်းအခြေချနေထိုင်သူများ ရွှေ့ပြောင်းမှုအပေါ် အခြေခံပြီး တိုက်ရိုက်ဆွေးနွေးရန်ကမ်းလှမ်းမှုကို ပါလက်စတိုင်းအရာရှိများက ဩဂုတ် ၁၆ရက်၌ ပယ်ချခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အိန္ဒိယက ပါကစ္စတန်နှင့် ဆွေးနွေးပွဲစတင်လို

အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံငြိမ်းချမ်းရေးအတွက် ပါကစ္စတန်နှင့် ဆွေးနွေးပွဲများ ပြန်လည်စတင်လိုကြောင်း ဩဂုတ် ၁၆ရက်၌ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

ရုရှားကိုယ်စားလှယ်အဖွဲ့ ပြုံယမ်းသို့ရောက်ရှိ

ရုရှားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ဩဂုတ် ၁၆ရက်က ရောက်ရှိလာကြောင်း၊ မြောက်ကိုရီးယားတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

တောင်တန်းများဆိုင်ရာအစည်းအဝေး နီပေါ၌ကျင်းပမည်

ပထမအကြိမ် တောင်တန်းများဆိုင်ရာအစည်းအဝေးကို နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးမှာ လာမည့် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်ကြောင်း ဩဂုတ် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ဂျပန်ကမ်းလွန်၌ ငလျင်လှုပ်

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်တွင် ဩဂုတ် ၁၆ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၇ရှိသည့် အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း ဂျပန်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

အက်ဖ်-၃၅တိုက်လေယာဉ်များ အစ္စရေးဝယ်ယူမည်

အစ္စရေးနိုင်ငံစစ်ဘက်အတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ အက်ဖ်-၃၅တိုက်လေယာဉ်အစင်း ၂၀ကို ဝယ်ယူမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က ဩဂုတ် ၁၆ရက်၌ ပြောကြားသည်။

(အပေါ်ပုံ) (အင်တာနက်)

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများ

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ရက် နံနက် ရနာရီက နေပြည်တော်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၀-၂၀၁၁ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်ကာလအတွင်း ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရာ **(အောက်ပုံ)**

ရေးဦးစွာ သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးကုသခြင်း၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ အဝလွန်ကလေးများအား ပညာပေးဆွေးနွေးခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် သန့်ချဆေးတိုက်ကျွေးခြင်းများကို လှည့်လည်ကြည့်ရှုပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား သန့်ချဆေးတိုက်ကျွေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော အာဟာရအုပ်စုပြကွက်၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးပြကွက်၊လုံသုံးလုံပြကွက်နှင့် ခြင်ထောင်ဆေးစိမ်ပြကွက်တို့ကို လှည့်လည်ကြည့်ရှုကြရာ ကျောင်းကျန်းမာရေးဌာနမှ တာဝန်ခံများက ကျောင်းကျန်းမာရေး လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီးနောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် နေပြည်တော် လယ်ဝေးအမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းစဉ်(၅)ရပ် လှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် အသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရမည်းသင်းမြို့နယ် ရန်အောင်မြင်လမ်း တိုးချဲ့ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)ဒေါ်ကြည်ကြည်ဌေး ဦးစီးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးသောင်းလွင်တို့ ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အင်းစိန်မြို့နယ်အတွင်း ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ အနီးကပ်စောင့်ရှောက်မှုဖြင့် အင်းစိန်မြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၃ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ အမျိုးသားခုခံကျ/ ကာလသားတိုက်ဖျက်ရေးစီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဦးမြင့်ရွှေ၊ ရန်ကုန်တိုင်းခုခံကျ/ ကာလသား၊ တီဘီရောဂါနှင့်အနာကြီးရောဂါတိုက်ဖျက်ရေးမှ ဆရာဝန်ကြီးများ၊ အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အခြားလူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထို့နောက်

မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး တာဝန်ရှိသူဆရာဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ အဆိုပါ အဖွဲ့သည် မြို့သစ် (က+ခ)၊ ကွက်သစ်၊ စဥ့်ငူ၊ အောင်ဆန်း၊ တညင်းကုန်း၊ ရွာမအရှေ့၊ ရွာမအနောက်၊ တောင်သူကုန်း၊ ကြို့ကုန်းအရှေ့၊ ကမ်းနားအနောက်၊ ပိန္နဲကုန်းရပ်ကွက်များရှိ နာတာရှည်ရောဂါဝေဒနာရှင် ၂၀တို့အား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောကြပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်းများကို သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်တွင် Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality(UK) နှင့် Institute of AH&LA (USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။ ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဩဂုတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉- ၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်း သစ်တောစိမ်းဖြင့် စိမ်းလန်းစေရမည်

မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက် မြေနီကုန်း ကျေးရွာအုပ်စုတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ထောင်ဆေးစိမ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခြင်းကို ဇူလိုင် ၁၇ရက်က ပြုလုပ်ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက ဆေးစိမ်ခြင်ထောင်များကို ကျေးရွာနေပြည်သူများထံသို့ ပေးအပ်စဉ်။

(၁၀၁)

မိုးညှင်းမြို့နယ် လမ်း၊ တံတားနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် ဩဂုတ် ၇ရက်က မိုးညှင်းမြို့နယ် နန့်စီးအောင် ချောင်းကူးတံတားကြံ့ခိုင်မှု၊ ရေထိန်းနံရံ ဆောက်လုပ်မှုအခြေအနေများနှင့် ဆယ်မိုင်ကျေးရွာ နန့်မွန်းချောင်း လက်တံမြောင်း ရေစီးရေလာကောင်းမွန်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဆယ်မိုင်ရွာ စစ်မှုထမ်းဟောင်းအိမ်ရာစခန်း၌ အိမ်ထောင်စုဝင်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ညောင်ကုန်းကျေးရွာမှ တောင်သူတစ်ဦး၏လယ်မြေ၌ စပါးမျိုးများစိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှု၍ နန့်လိုင်ရွာ၌ ဒေသခံကျေးရွာတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အလှူငွေပေးအပ်

ထို့နောက် နမ္မားဆေးရုံ၌ ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး ဆေးရုံလူနာဆောင်အဆောက်အအုံနှင့် ဓာတ်မှန်ခန်းသစ် ဆောက်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အလှူငွေပေးအပ်ကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ပင်းဘောတိုက်နယ်ဆေးရုံ၌ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများပေးအပ်၍ မိုးကောင်းမြို့နယ် ပင်လုံရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မိုးမောက်မြို့နယ်၌ ကျင်းပ

မိုးမောက် ဩဂုတ် ၁၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မံပုံကျေးရွာအနီး၌ ဩဂုတ် ၂ရက် နံနက် ၇နာရီက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းသန့်နှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ကျောင်းသားကျောင်းသူများ၊ မံပုံကျေးလက်ပြည်သူများ တက်ရောက်ကြပြီး ကျွန်းပင် ၁၀၅၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၀ခုနှစ်မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင်၂၀၊ လူတစ်ဦး ကျွန်းတစ်ပင်၊ကျေးရွာပိုင် သစ်တောစိုက်ခင်းများ၊စာသင်ကျောင်းများ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ မဲဇလီနှင့်ခရေ စုစုပေါင်းအပင် ၂၂၂၀၀ စိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွန်ပျူတာသင်တန်းအမှတ်စဉ်(၂/၂၀၁၀)သင်တန်းဆင်းပွဲ ဝန်ကြီး ဦးခင်မောင်မြင့် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဩဂုတ်၁၃ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ကျင်းပသော ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသားခေါင်းဆောင်ထံသို့ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ဆုများပေးအပ်

ယင်းနောက် ဝန်ကြီးဦးခင်မောင်မြင့်က သင်တန်းထူးချွန် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ အမှုထမ်း၃၅ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင် မြို့ရေပေးရေး ရေစစ်ကန်အတွင်း ကလိုရင်းပိုးသတ်ဆေးခတ်ခြင်းလုပ်ငန်းကို ဩဂုတ် ၆ရက်က အဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းများ ကန်ကြီးထောင့်မြို့၌ ဖွင့်လှစ်

ကန်ကြီးထောင့် ဩဂုတ် ၁၆

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ဖွင့်လှစ်သည့် ကံရွာတိုက်နယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဩဂုတ် ၈ရက် နံနက် ၁၀နာရီက ကံရွာအထကခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းမြင့်ဦးက အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

ဆွေးနွေးပို့ချ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမြို့ဆောင်၊ ကော်မရှင်အဖွဲ့ဝင် ဥပဒေအရာရှိ ဦးခင်နု၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကြည်တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခဲ့သည်။ ကန်ကြီးထောင့်မြို့နယ်ရှိ တိုက်နယ်ကိုးခုအနက် ရွေးကောက်ပွဲဆိုင်ရာသင်တန်းကို တိုက်နယ်ခုနစ်ခု၌ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်းနှင့် မြင်းကဆိပ်တိုက်နယ်နှင့် ပေါက်ကျွန်းတိုက်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၁၄ရက်က လှိုင်မြို့နယ် အထက(၂)တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲ၊ သရုပ်ပြပွဲနှင့် ဆုပေးပွဲ ကျင်းပရာတွင် သတ္တမတန်း ကျောင်းသားလေးများ၏ ကာယအလှမောင်ပြပွဲကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်နှင့် ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးစဉ်။

(ပညာရေး)

ကျေးလက်အိမ်ရာထူထောင်ရေး ယူကလစ်အိမ်ရာပြသပွဲ လှည်းကူး၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

လှည်းကူးမြို့နယ် မြို့မပျိုးဥယျာဉ်အတွင်း၌ ကျေးလက်အိမ်ရာထူထောင်ရေး ဆွေးနွေးပွဲကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးတို့က ကျေးလက်အိမ်ရာထူထောင်ရေးအတွက် တစ်ရွာတစ်ဧက ယူကလစ်စိုက်ခင်း စိုက်ပျိုးခြင်း၊ တစ်အိမ်ထောင် သစ်မာယူကလစ်အပင် ၂၀ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆောက်လုပ်

ထို့နောက် ဆောက်လုပ်ထားရှိသော စံနမူနာပြ တန်ဖိုးနည်းယူကလစ်အိမ်ရာ ပြသပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်အတွင်း၌ ပေ(၃၀×၂၀×၉) အရွယ် စံနမူနာပြ တန်ဖိုးနည်းယူကလစ် အိမ်ရာများ ဆောက်လုပ်ထားသည်။

(ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

သေးတဲ့ငါးကို ကြီးစေလို ငါးရစ်ဆို မဖမ်းနဲ့

ငါးမျိုးစိုက်ထည့်ပွဲ သုံးခွမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ်၁၁ရက် နံနက် ၈နာရီက သုံးခွမြို့နယ် အနောက်ကျေးရွာနှင့် ရဲနွံ့ကျေးရွာချောင်းရိုးတို့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူများနှင့် ဒေသခံပြည်သူများက သုံးခွအနောက်ကျေးရွာ လယ်သမားကြီး ဦးသန်းစိုး၏ စံပြလယ်မြေကွက်နှင့် ရဲနွံ့ကျေးရွာ ချောင်းရိုးရေပြင်အတွင်းသို့ ငါးမြစ်ချင်းမျိုးသားပေါက်များနှင့် တီလားဗီးယားမျိုး သားပေါက်ကောင်ရေ စုစုပေါင်း ၄၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(သတင်းစဉ်)**

ချမ်းအေးသာစံမြို့နယ်ကတ္တရာလမ်းသစ်ဖွင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် အောင်မြေသာစံမြို့နယ် ရတနာပုံစံကျောင်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူများက အင်ကြင်းပင်နှင့် ကံ့ကော်ပင်တို့ကို စတင်စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင် သစ်စေ့ကြဲပွဲအခမ်းအနားသို့တက်ရောက်၍ သစ်စေ့များကို ဘုရားရင်ပြင်တော်မှ ကြဲပက်စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

၎င်းနောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က တရုတ်စံကားပင်များကို စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ခြင်းလုပ်ငန်းများ
ဒုတိယဝန်ကြီးဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဩဂုတ် ၁၁ရက် နံနက်ပိုင်းက ပုသိမ်-မုံရွာလမ်း ရေပြောလမ်းဆုံ၌ ကျောက်စီခင်းနေမှုနှင့် မိုင်တိုင်အမှတ်(၃၇၉/၀)၌ ကတ္တရာရေပိတ်လွှာလောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၃၇၇/၆)ရှိ ပခုက္ကူခရိုင် ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ခြင်းစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာများ၏ လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

တင်ပြ

ယင်းနောက် မိုင်တိုင်အမှတ်(၃၆၉/၄)တွင် တောင်ကုန်းများ မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဇက်ရေယာဉ်ဖြင့်ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး လက်ပံခြေပေါ် ဘက်ကမ်း စီမံကိန်း ရှင်းလင်းဆောင်မှနေ၍ ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၆

ဦးအောင်ကျော်ဦးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဩဂုတ် ၂ရက် ညနေ ၄နာရီခွဲက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)၌ ၁၃၃ကိုက်အကွာမှ Srixon No-4 ဘောလုံးကို Srixon Iron No-8တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း၊ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်ဆက်၊ ဦးကျော်နိုင်ဦး၊ ဦးနန္ဒကျော် တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့
သားသမီးများအား ပညာသင်ထောက်ပံ့

ဘားအံ ဩဂုတ် ၁၆

ကရင်ပြည်နယ် ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းသားသမီးများအားပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ခြင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြို့နယ် စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ ဇူလိုင်၂၅ရက်က ကျင်းပရာ **(အောက်ပုံ)** အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဘားအံမြို့နယ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ဟန်(ငြိမ်း)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌက အဆင့်မြင့်ပညာသင် ကျောင်းသား ကျောင်းသူ ၇၅ဦးအတွက် ငွေကျပ် ၇၅၀၀၀၀၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူ ၂၀ အတွက် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌဗိုလ်ကြီးစောကပေါ်ထူး(ငြိမ်း)က အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၆၆ ဦးအတွက် ငွေကျပ် ၄၆၂၀၀၀ ကိုလည်းကောင်း၊ ကော်မတီဝင်ဗိုလ်ကြီးအောင်စောမင်း(ငြိမ်း)က အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ၁၂၆ဦးအတွက် ငွေကျပ် ၇၅၆၀၀၀ ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးလှမျိုး(ငြိမ်း)က မူလတန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၄၃ ဦးအတွက် ငွေကျပ် ၇၁၅၀၀၀ကိုလည်းကောင်း ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

အာဟာရကျွေးမွေး

ဩဂုတ် ၉ရက်က ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဒုတိယတန်း ကျောင်းသားကျောင်းသူများအား ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများက အာဟာရကျွေးမွေးစဉ်။

(ပညာရေး)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ
သင်တန်းဆင်းပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဩဂုတ် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၅/၂၀၁၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၅/၂၀၁၀)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၈နာရီခွဲက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ ခရိုင်ဥက္ကဋ္ဌဦးကျော်စွာထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အပ်ချုပ်စက်တစ်လုံးကို အဆင့်မြင့်စက်မှုထူးချွန်ဆုရသင်တန်းသူ မမြမြဝင်းအားလည်းကောင်း **(အပေါ်ပုံ)**၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက အလားတူ အပ်ချုပ်စက်တစ်လုံးကို အခြေခံစက်မှု ထူးချွန်ဆုရ သင်တန်းသူ မနာမီးအားလည်းကောင်း ပေးအပ်သည်။

ရှင်းလင်းပြသ

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ အိမ်တွင်းမှု ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံဖူးလောဝ်က ကျောင်းသူများ ချုပ်လုပ်ထားသည့် လက်ရာများကို လိုက်လံရှင်းလင်းပြသသည်။

(ခရိုင် ပြန်/ဆက်)

စစ်တောင်းမြစ်အတွင်း ကဏန်းငယ်များ ပြန်လွှတ်ပေး

ပဲခူး ဩဂုတ် ၁၆

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်သိန်းနှင့် သနပ်ပင်မြို့နယ် ဦးစီးမှူး ဦးအောင်ဇော်ဝင်းတို့ပါဝင်သောအဖွဲ့ ဇူလိုင် ၄ရက် နံနက် ၈နာရီခွဲက ငါးရစ်ငါးသန် ကာကွယ်တားဆီးရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ် သနပ်ပင်မြို့နယ် ကမာစဲ ပဲ့ထောင်လှေဆိပ်၌ ခြင်းများဖြင့် ထည့်ထားသော ရွှံ့ကဏန်းများကို တွေ့ရှိခဲ့သည်။

ပြန်လည်လွှတ်ပေး

အဆိုပါကဏန်းများကို စစ်ဆေးခဲ့ရာ အရွယ်မမီ ကဏန်းကောင်ရေ၁၅၀၀ခန့်ရှိရာ ၎င်းတို့ကို စစ်တောင်းတံတား(မုပ္ပလင်)အနီး ဝေါမြို့နယ် ကမ်းကြီးဆိပ်ကျေးရွာ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ပဲခူးခရိုင် ငါးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းနှင့်အတူ စစ်တောင်းမြစ်အတွင်း ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင်ငါးလုပ်ငန်းဦးစီး)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အဖွဲ့ ဇူလိုင် ၂၄ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ တောင်ပြင်(၁)ရပ်ကွက် တောင်ပြင်-ရေဦးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

မိမိတို့နိုင်ငံ အရှိန်အဟုန်ဖြင့် မြန်မြန်ထက်ထက် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးပြ

မိမိတို့လက်ထက် ကြိုးပမ်းတည်ဆောက်သကဲ့သို့ နောင်လာနောက်သားများလက်ထက်၌ ယခုကဲ့သို့ စီမံကိန်

စာမျက်နှာ ၃ မှ

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုပြီးခဲ့သော စီမံကိန်း ၂၀၏ အကောင်အထည်ဖော်မှုအခြေအနေကို ပဏာမ ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းသုံးခု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပထမစီမံကိန်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော Hydraulic Press များ တိုးချဲ့ထုတ်လုပ်ရေးစီမံကိန်းကို သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ပူးတွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ထုတ်လုပ်ရာတွင် ဈေးကွက်လိုအပ်ချက်အရ (100, 150, 300, 500, 800, 1000) Ton အထိ Hydraulic Press များကို တစ်နှစ်လျှင် အလုံး ၁၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်။

လူစီးမော်တော်ယာဉ်များအတွက် ရေဒီယယ်တာများ ထုတ်လုပ်ပေးမည့် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) မြင်ကွင်းကား ဤသို့ ခံ့ခံ့ညားညား····။

ထုတ်လုပ်

ဒုတိယစီမံကိန်းဖြစ်သည့် အရွယ်အလတ်စား 10-15 Ton Medium Truck(TE 31) ထုတ်လုပ်မှုစီမံကိန်းကို ရန်ကုန်မြို့ရှိ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် ထုတ်လုပ်မှုလိုင်းအသစ်များ တပ်ဆင်၍ ဈေးကွက်လိုအပ်ချက်အရ တစ်နှစ်လျှင် မော်တော်ယာဉ်မျိုးစုံ စီးရေ ၃၀၀၀ခန့်အထိ ထုတ်လုပ်သွားမည်ဖြစ်သည်။ (၂၀-၃၀)တန် အကြီးစား ကုန်တင်မော်တော်ယာဉ်များကို မကွေးမော်တော်ယာဉ်စက်ရုံမှ ထုတ်လုပ်သွားမည်ဖြစ်သည်။

တတိယစီမံကိန်းဖြစ်သည့် အသေးစား လူစီးမော်တော်ယာဉ် ထုတ်လုပ်မှုစီမံကိန်းသည် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)မှ ပြည်တွင်းဈေးကွက်နှင့်ကိုက်ညီပြီး ပေါ့ပါးခိုင်ခံ့၍ အဆင့်မြင့်နည်းပညာများ အသုံးပြုထားသည့် ဈေးနှုန်းသက်သာသော ခေတ်မီ အသေးစား လေးယောက်စီးမော်တော်ယာဉ်များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀ ထုတ်လုပ်မည့် စီမံကိန်းဖြစ်သည်။

ဖောက်လုပ်သွားမည်

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများကို အကျဉ်းချုပ်တင်ပြပြီး ဆက်လက်ဆောင်ရွက်မည့်စီမံကိန်း ၁၄ခုကို ရှင်းလင်းတင်ပြသည်။ အဆိုပါ ဆောင်ရွက်မည့် စီမံကိန်းများမှာ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကို ပေါင်းကူးဆက်စပ်သည့် အရှည် ၉၇မိုင် ၇ဖာလုံရှိသော ပြင်ဦးလွင်-မိုးကုတ်လမ်းကို လမ်းဖောက်လုပ်ရေး ကုမ္ပဏီ ၁၀ခုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကတ္တရာလမ်းအဆင့်အထိ ဖောက်လုပ်သွားမည်ဖြစ်သည်။

တိုးမြှင့်တည်ဆောက်

မိုင်းပြင်း-မက်မန်းလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပြင်းမြို့နယ်နှင့် မက်မန်းမြို့နယ် ဆက်သွယ်သော အရှည် ၇၃မိုင်ရှိ လမ်းလုပ်ငန်းဖြစ်ပြီး မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်သည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းအမှတ်(၁၁)ဖြစ်သော ပုသိမ်-ငပုတောလမ်းစီမံကိန်းသည် လမ်းအရှည် ၂၁မိုင်ရှိပြီး ကတ္တရာလမ်း ၂မိုင် ၄ဖာလုံကို တိုးတက်ပြုပြင်ခြင်း၊ အမာခံကျောက်လမ်း ၁၈မိုင် ၄ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းအတွင်း အ[…] တံတား၊ အလျား ပေ ၄၀၀ရှိ သက္ကယ်[…] ထည့်သွင်းတည်ဆောက်ရန်စီမံထားသော စီမံကိ[…] ငပုတောလမ်းနှင့် တံတားများ တည်ဆောက်[…] အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေ[…] ပျက်စီးဆုံးရှုံးခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသကို ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ရည်ရွယ်နေခြင်းဖြစ်သည်။

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ၌ တပ်ဆင်ထားသော စက်များ····။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ

စဉ်	တည်နေရာ	ထုတ်လုပ်မည့်ပစ္စည်း	အရေအတွက် (တစ်နှစ်လျှင်)
၁။	သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ	Hydraulic Press (100, 150, 300, 500, 800, 1000) Ton	အလုံး ၁၀၀
၂။	အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်) မကွေးမော်တော်ယာဉ်စက်ရုံ	10-15 Ton Medium Truck (TE 31) (၂၀-၃၀) တန်အကြီးစား ကုန်တင်မော်တော်ယာဉ်	စီးရေ ၃၀၀၀ -
၃။	အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)	ခေတ်မီအသေးစား လေးယောက်စီး မော်တော်ယာဉ်	စီးရေ ၁၀၀၀

ရာဇူဒိုင်တံတား အမှတ်(၁)

မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇူဒိုင်တံတားအမှတ်(၁)ကြီးက ဧရာဝတီတိုင်းသားတို့ အတွက် တန်ဖိုးမဖြတ်နိုင်····။

...ရေးအတွက် ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်
...က်၌ ယခုကဲ့သို့ စီမံကိန်းကြီးများ ဆက်လက်တည်ဆောက်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းအတွင်း အလျားပေ ၆၀၀ရှိ ပေပင်မြစ်တံတား၊ အလျား ပေ ၄၀၀ရှိ သက္ကယ်ချောင်းမြစ်တံတားတို့ကိုပါ ထည့်သွင်းတည်ဆောက်ရန်စီမံထားသော စီမံကိန်းဖြစ်သည်။ ယခု ပုသိမ်-ငပုတောလမ်းနှင့် တံတားများ တည်ဆောက်ပြီးစီးပါက ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသကို အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ရည်ရွယ်ဖောက်လုပ် တည်ဆောက်နေခြင်းဖြစ်သည်။

အလွယ်တကူ ကူးသန်းနိုင်

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း (ရိုးမဖြတ်ကျော်လမ်း)ပေါ်တွင် ဆောက်လုပ်မည့် မြို့ချောင်းတံတားသည် အရှည်ပေ ၂၄၀ရှိပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်သည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက

ပဲခူးတိုင်းအရှေ့ဘက်ခြမ်း အလယ်ပိုင်း (ပဲနွယ်ကုန်းဒေသ)နှင့် အနောက်ဘက်ခြမ်း အလယ်ပိုင်း (မင်းလှဒေသ)တို့ကို ဆက်စပ်ပေးနိုင်မည့်အပြင် မင်းလှ-ပဲနွယ်ကုန်းမှတစ်ဆင့် စစ်တောင်းတံတား (နတ်သံကွင်း)ကို ဖြတ်ကျော်၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များသို့ အလွယ်တကူ ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။

နှစ်လမ်းသွားတံတား

မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းပေါ်ရှိ ကျားထူးချောင်းတံတားသည် အလျားပေ ၄၈၀ရှိပြီး သံကူကွန်ကရစ်အမျိုးအစား နှစ်လမ်းသွားတံတားဖြစ်သည်။ အဆိုပါတံတားပြီးစီးပါက မကွေးမြို့-နတ်မောက်မြို့မှ ပျော်ဘွယ်မြို့သို့ အရှေ့-အနောက် ဖြတ်လမ်းအဖြစ် အသုံးပြုသွားလာနိုင်မည်ဖြစ်သည့်အပြင် ပျော်ဘွယ်မြို့မှတစ်ဆင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များသို့ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

နေပြည်တော်-ချောင်းနက်-တောင်တွင်းကြီးကားလမ်းဟောင်းပေါ်ရှိ ကျွဲရှင်းတံတား အလျားပေ ၁၈၀နှင့် ပလွေးတံတား အလျားပေ ၁၉၀တို့သည် ယခင်က တစ်လမ်းသွား ဘေလီတံတားများဖြစ်ပြီး ခံနိုင်ဝန်အား ၁၃တန်သာရှိသော တံတားများဖြစ်သည်။

အသစ်တည်ဆောက်

ယခုအခါ ပလွေးတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ ကျွဲရှင်းတံတားကို လေးလမ်းသွား သံပေါင်ရက်မတံတားအဖြစ်လည်းကောင်း အသစ်တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါတံတားများ တည်ဆောက်ပြီးစီးပါက နေပြည်တော်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသို့လည်းကောင်း၊ လမ်းသစ်ဖြစ်သည့် တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသို့လည်းကောင်း လွယ်ကူစွာ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်သည်။

ခရီးအတိုဆုံးလမ်း

နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေး လမ်းသစ်ပေါ်တွင် ပေ ၁၈၀နှင့်အထက် တံတားကိုးစင်းဖြစ်သည့် ငလိုက်ချောင်းတံတား၊ ထန်းတပင်ချောင်းတံတား၊ ကိုးပင်ရိုးတံတား၊ သရက်ခွတံတား၊ စွန်ချောင်းတံတား၊ ပုလင်းချောင်းတံတား၊ စလေချောင်းတံတား၊ လိပ်ကမ်းချောင်းတံတားနှင့် ရွှေပန်းချောင်းတံတားတို့ကို တည်ဆောက်ရမည်ဖြစ်သည်။ အဆိုပါတံတားများသည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများဖြစ်ပြီး တံတားအောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်များဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါလမ်းပေါ်တွင် ထပ်မံတည်ဆောက်ရန် လိုအပ်သော တံတားအရှည် ပေ ၁၄၆၀ရှိသည့် ယင်းချောင်းတံတားစီမံကိန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကပင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံကူကွန်ကရစ်တို့ဖြင့် နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်မည် ဖြစ်သည်။ အဆိုပါ တံတားများအားလုံး တည်ဆောက်ပြီးစီးသွားပါက နေပြည်တော်မှ မကွေးမြို့အကြား ခရီးအတိုဆုံး လမ်းကြောင်းတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့

မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူဘက်ကမ်းရှိ ရေလယ်တိုင်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နေ့မအား ညမနား တည်ဆောက်လျက်ရှိသည့် မြင်ကွင်းကလည်း အားတက်ဖွယ်ရာ....။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် လမ်းစီမံကိန်းများ

စဉ်	ဆက်စပ်ဖောက်လုပ်မည့် လမ်းပိုင်းစီမံကိန်း	လမ်းအရှည်
၁။	မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆက်သွယ်မည့် ပြင်ဦးလွင်-မိုးကုတ်လမ်း	၉၇ မိုင် ၇ဖာလုံ
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပြင်းမြို့နယ်နှင့် မက်မန်းမြို့နယ် ဆက်သွယ်မည့် မိုင်းပြင်း-မက်မန်းလမ်း	၇၃ မိုင်
၃။	ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင် လမ်းအမှတ်(၁၁) ပုသိမ်-ငပုတောလမ်း	၂၁ မိုင်

ဆက်လက်ဆောင်ရွက်မည့် တံတားစီမံကိန်းများ

စဉ်	ဆောက်လုပ်မည့်လမ်းပိုင်း	တံတားအမည် (အမျိုးအစား)	ပေအရှည်
၁။	မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း (ရိုးမဖြတ်ကျော်လမ်း)	မြို့ချောင်း (နှစ်လမ်းသွား သံကူကွန်ကရစ်)	၂၄၀ ပေ
၂။	မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း	ကျားထူးချောင်း (နှစ်လမ်းသွား သံကူကွန်ကရစ်)	၄၈၀ ပေ
၃။	နေပြည်တော်-ချောင်းနက်-တောင်တွင်းကြီးကားလမ်းဟောင်း	ကျွဲရှင်း (လေးလမ်းသွား သံပေါင်ရက်မ) ပလွေး (နှစ်လမ်းသွား သံကူကွန်ကရစ်)	၁၈၀ ပေ ၁၉၀ ပေ
၄။	နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသစ်	ငလိုက်ချောင်း၊ ထန်းတပင်ချောင်း၊ ကိုးပင်ရိုး၊ သရက်ခွ၊ စွန်ချောင်း၊ ပုလင်းချောင်း၊ စလေချောင်း၊ လိပ်ကမ်းချောင်းနှင့် ရွှေပန်းချောင်း (အားလုံး နှစ်လမ်းသွား သံကူကွန်ကရစ်)	ပေ ၁၈၀ နှင့်အထက်
၅။	။ ။	ယင်းချောင်း (နှစ်လမ်းသွား ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံကူကွန်ကရစ်)	၁၄၆၀ ပေ
၆။	မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း	ပြည်ညောင်	၂၀၀ ပေ
၇။	ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း	ညောင်ဝန်း (နှစ်လမ်းသွား သံကူကွန်ကရစ်)	၁၉၀ ပေ
၈။	မော်တင်စွန်းမှ ဟိုင်းကြီးကျွန်း	မော်တင်စွန်း-ဟိုင်းကြီးကျွန်း (သံမဏိသံပေါင်၊ သံကူကွန်ကရစ်)	၂၀၀၁ ပေ

စစ်တောင်းမြစ်ကူးတံတား (၃) စင်း

စဉ်	ဆောက်လုပ်မည့်လမ်းပိုင်း	အမျိုးအစား	ပေအရှည်
၁။	အုတ်တွင်းမြို့နယ် မြို့စိုးရွာအနီး ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်း	နှစ်လမ်းသွား သံကူကွန်ကရစ်	၅၄၀ ပေ
၂။	ဖြူးမြို့နယ် ဘန်းလောင်ရွာအနီး ဖြူး-ဘန်းလောင်-မွေတွင်း-ညောင်ပင်ရိုးလမ်း	။	၄၈၀ ပေ
၃။	မြင်းစုရွာအနီး ခပေါင်း-မြင်းစု-ထန်းတပင်လမ်း	။	၅၂၀ ပေ

ဆင်ဖြူတော်ရတနာအား ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ အဖော်ဆင်များနှင့်အတူ နေထိုင်လျက်ရှိသော ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား စတင်ရောက်ရှိသည့် ဩဂုတ် ၉ရက်မှစ၍ နေပြည်တော် ဒေသခံများသာမက နိုင်ငံတစ်ဝန်းမှ ဘုရားဖူးလာပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာလျက်ရှိကြရာ ယနေ့တွင်လည်း ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်လျက်ရှိကြောင်း၊ ဩဂုတ် ၁၄ရက် (စနေနေ့)နှင့် ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့)ကလည်း ရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ လာရောက်ကြည့်ရှုလေ့လာသူများ ပိုမိုများပြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်ဖြူတော် ရတနာ

ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား နိုင်ငံတစ်ဝန်းမှ ပြည်သူများ စိတ်ဝင်စား လာရောက်ကြည့်ရှု လေ့လာကြစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ခုနှစ် ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာအမ်မာတီအမ် နာတာလဂါဝါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သတိသမ္ပဇဉ်ယှဉ်စေချင်** တရားတော် (ဆရာတော်သီတဂူ ဒေါက်တာအရှင်ဉာဏိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၀)
- ၈:၃၅ 2010 Summer Youth Olympics
- ၉:၀၅ Activities in the City (အမျိုးသားများတွင် ဖြစ်တတ်သော ရောဂါဆိုင်ရာကျန်းမာရေးအသိပညာပေးဟောပြောပွဲ)
- ၉:၂၀ ထုထည်ကြီးမားထင်ရှားဧကန် ဓမ္မရုံ
- ၉:၃၅ Cartoon Show Time (Toy Story 3)
- ၁၀:၁၀ Orchard Families (အပိုင်း-၂)
- ၁၀:၄၀ သင်ကြားရေးလမ်းညွှန် (Dragon King သင်တန်းကျောင်း)
- ၁၀:၅၅ Sports Diary
- ၁၁:၂၅ သက်ကြီးရွယ်အိုကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါက်တာမြင့်ဟန်)
- ၁၂:၁၀ ရှင်သန်ဆဲဘဝတစ်ခုအတွက် ထင်ကျန်ရစ်မည့်မှတ်တိုင်
- ၁၂:၃၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ကြည်နူးခွင့်)
- ၁:၀၀ **သတိသမ္ပဇဉ်ယှဉ်စေချင်** တရားတော် (ဆရာတော်သီတဂူ ဒေါက်တာအရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ World of Knowledge (Seconds Form Disaster TITANIC)
- ၃:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၀)
- ၄:၁၅ တေးဂီတအစီအစဉ်
- ၄:၃၀ Activities in the City (အမျိုးသားများတွင် ဖြစ်တတ်သော ရောဂါဆိုင်ရာကျန်းမာရေးအသိပညာပေးဟောပြောပွဲ)
- ၄:၅၀ Hair Style For All (အမျိုးသား၊ အမျိုးသမီး)
- ၅:၀၅ ဆုပန်ရည်စူးအရောက်ဖူး… မြတ်ဘုရားဖောင်တော်ဦး
- ၅:၂၅ Celebrity Style (Life & Dance)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ကင်ဆာရောဂါအကြောင်း သိကောင်းစရာများဟောပြောပွဲ)
- ၆:၃၀ 2010 Summer Youth Olympics
- ၇:၀၀ Cartoon Show Time (Toy Story 3)
- ၇:၃၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ကြည်နူးခွင့်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (Dragon King သင်တန်းကျောင်း)
- ၈:၅၀ Celebrity Style (Life & Dance)
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ကင်ဆာရောဂါအကြောင်း သိကောင်းစရာများဟောပြောပွဲ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၀)
- ၁၀:၀၀ Sunday Talk
- ၁၁:၁၀ Music Talk (သီတာရတနာ)
- ၁၁:၂၀ Sports World
- ၁၁:၄၅ Hair Style For All (အမျိုးသား၊ အမျိုးသမီး)
- ၁၂:၀၀ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
- ၁၂:၁၀ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂:၂၀ အလှကြွယ်တဲ့မြို့ပျော်ဘွယ်
- ၁၂:၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာမျက်နှာ ၉ မှ

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ပြည်ညောင်တံတားသည် တံတားဟောင်းတစ်ခုဖြစ်သဖြင့် တံတားသစ်ကို မူလတံတား၏ ရေစုန်ဘက် ပေ ၁၀၀ခန့်အကွာတွင် တည်ဆောက်သွားမည်ဖြစ်သည်။ တံတားအလျားမှာ ပေ ၂၀၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် တစ်ဖက်တစ်ချက်လျှင် လူသွားလမ်း ၃ပေ ၄လက်မစီ ပါရှိမည်ဖြစ်သည်။

အဆင့်တိုးမြှင့်

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသည် ပဲခူးတိုင်း ပြည်မြို့မှ တောင်ငူမြို့သို့ အရှေ့အနောက် ဆက်သွယ်ထားသည့် လမ်းတစ်လမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပြီးဖြစ်ရာ ၄င်းလမ်းပေါ်တွင် အလျားပေ ၁၉၀ရှိသော ညောင်ဝန်းတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့် တည်ဆောက်ခြင်းအားဖြင့် ပြည်မြို့နှင့် တောင်ငူမြို့ကို ခရီးတိုဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

မော်တင်စွန်း-ဟိုင်းကြီးကျွန်းကူးတံတား တည်ဆောက်ရေးစီမံကိန်းသည် မော်တင်စွန်းဘုရားမှ ဟိုင်းကြီးကျွန်းသို့ ယခင်က သင်္ဘောဖြင့်သာ သွားလာဆက်သွယ်ရသည့်အခြေအနေမှ နှစ်စဉ်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ပြီး ရာသီမရွေး လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်သည့် စီမံကိန်းဖြစ်သည်။ တံတားအလျား ၂၀၀၁ပေရှိပြီး သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်သည်။

စစ်တောင်းမြစ်ကူးတံတား သုံးစင်းတည်ဆောက်ရေးစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဲခူးတိုင်း အထူးဒေသခြောက်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ထားသည့် ဒေသဖွံ့ဖြိုးရေးလမ်း သုံးလမ်းပေါ်မှ စစ်တောင်းမြစ်ကို လွယ်ကူစွာ ဖြတ်ကူးရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ ယခု တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတားများမှာ အလျားပေ ၅၄၀ရှိ ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်ရှိ အုတ်တွင်းမြို့နယ် မြို့စိုးရွာအနီး၌ တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတား၊ အလျား ပေ ၄၈၀ရှိ ဖြူး-ဘန်းလောင်-မွေတွင်း-ညောင်ပင်ရိုးလမ်းပေါ်၌ ဖြူးမြို့နယ် ဘန်းလောင်ရွာအနီးတွင် တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတား၊ အလျားပေ ၅၂၀ရှိ ခပေါင်း-မြင်းစု-ထန်းတပင်လမ်းပေါ်ရှိ မြင်းစုရွာအနီး၌ တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတားတို့ ဖြစ်သည်။

လျင်မြန်စွာတင်ပို့

အဆိုပါ စစ်တောင်းမြစ်ကူး နှစ်လမ်းသွားသံကူကွန်ကရစ်တံတား သုံးစင်းတည်ဆောက်ပြီးစီးပါက ဇရပ်ကြီးကျေးရွာ၊ ဘန်းလောင်ရွာ၊ မွေတွင်းရွာနှင့် မုန်းမြို့ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသထွက်ကုန်ပစ္စည်းများကို ကျွဲပွဲ၊ ဖြူး၊ အုတ်တွင်းမြို့များမှတစ်ဆင့် လျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်၍ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ဒေသများ၏ လူမှုစီးပွားဘဝ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် တင်ပြသည့် ဝန်ကြီးဌာနများ၏ ရှင်းလင်း တင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ် ဝါခေါင်လဆန်း ၇ရက် (အဖိတ်နေ့)

၁၇-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလံ ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ **စစ်ကိုင်းတောင်ရိုးမညှိုးသည့်သာသနာ** (အပိုင်း-၁)
- ၇:၅၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၇။ ရာဇူဒိုင်တံတား (အမှတ်-၁)
- ၈:၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၃၀ ၁၀။ လူကူးမျဉ်းကျားမှကူးမယ်
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ အကပြိုင်ပွဲ
- ၄:၁၀ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၂၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိတဆု) (အထက-၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၅:၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၉)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ရွှေမြရုံခြယ်** စိုးစန္ဒာထွန်းနှင့်အဖွဲ့ (တေးရေး- မောင်မောင်အေး-အလင်္ကာဝတ်ရည်)
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၁၉)
- ၂၁။ ရုပ်ရှင်ပဟေဠိ

ခြေစွမ်းပြပြီး ဖလားကာကွယ်နိုင်ခဲ့ — အန်ဆယ်လော့တီ
ရှုံးပွဲမကြုံလို့ စိတ်သက်သာစရာပါ — အာစင်ဝင်းဂါး

စုစည်းရေးသားသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဩဂုတ် ၁၆

၂၀၁၀-၂၀၁၁ ပရီမီယာလိဂ်ဘောလုံးရာသီ အဖွင့်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်းတို့ ဩဂုတ် ၁၅ရက်က ယှဉ်ပြိုင်ခဲ့ရာ ချယ်လ်ဆီးက ခြောက်ဂိုးပြတ်သွင်းပြီး ပရီမီယာလိဂ်လိုက်ကာကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်ခဲ့ပြီ ဖြစ်သည်။ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် ရှစ်ပွဲကစားပြီးချိန်၌ ချယ်လ်ဆီးတို့က ဂိုးအများဆုံးသွင်းသည့် အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်များအပြီး နည်းပြအချို့၏ ပြောစကားများကို ဖော်ပြရပါလျှင် -

"ယုံကြည်မှုကို မြင့်မားစေပါတယ်။" (အန်ဆယ်လော့တီ)

အန်ဆယ်လော့တီ (ချယ်လ်ဆီးနည်းပြ)

"လက်ရှိ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်တဲ့ခြေစွမ်းရှိတာကို ပြသနိုင်ခဲ့ပါပြီ။ ရာသီအစမှာ အခုလို ဂိုးပြတ်သွင်းနိုင်ခဲ့တယ်ဆိုတော့ ယုံကြည်မှုကို မြင့်မားစေပါတယ်။ ဝက်စ်ဘရွန်းနောက်တန်း အားနည်းချက်ရှိတယ်ဆိုပေမယ့် ကျွန်တော့်ကစားသမားတွေရဲ့ အားထုတ်မှုကိုတော့ အသိအမှတ်ပြုရမှာပါ။"

"အဝေးကွင်းသရေပွဲဖြစ်ခဲ့တာ လက်ခံရမယ့် ရလဒ်ပါ။" (မန်စီနီ)

မန်စီနီ (မန်စီးတီးနည်းပြ)

"အဖွင့်ပွဲစဉ်မှာ အဝေးကွင်းသရေပွဲဖြစ်ခဲ့တာဟာ လက်ခံရမယ့် ရလဒ်ပါပဲ။ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ ကြိုးစားခဲ့ပေမယ့် စပါးအသင်းကစားသွားတာ ကောင်းတာမို့ အခက်အခဲ တွေ့ခဲ့ရတဲ့ပွဲပါပဲ။ ဒီပွဲရလဒ်ဟာ ကျွန်တော်တို့အသင်းအတွက် ထိုက်သင့်တယ်လို့ပဲ မှတ်ယူပါတယ်။"

"အိမ်ကွင်းမှာ အနိုင်ရသင့်တဲ့ ပွဲပါ။" (ရက်နက်)

ရက်နက်(စပါးနည်းပြ)

"တကယ်ဆိုရင် ကျွန်တော်တို့အိမ်ကွင်းမှာ အနိုင်ရသင့်တဲ့ပွဲပါပဲ။ ကျွန်တော့်တိုက်စစ်မှူးတွေလည်း အပိုင်ကန်သွင်းခွင့်တွေ အများကြီးရခဲ့တာပါ။ ဒါပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ဘူး။ စိုးရိမ်စိတ်တွေ များနေခဲ့တာလည်း ပါဝင်တယ်။ နောက်ပြီး မန်စီးတီး ဂိုးသမားရဲ့ စွမ်းရည်ကလည်း အံ့သြစရာကောင်းအောင် ထက်မြက်လွန်းနေပါတယ်။ ချီးကျူးစရာပါပဲ။ ဖြစ်သင့်တာက ကျွန်တော်တို့ နိုင်ပွဲရသင့်ပြီး အမှတ်ပြည့်ယူရမယ့် အနေအထားပါ။"

အာစင်ဝင်းဂါး(အာဆင်နယ်နည်းပြ)

"လီဗာပူးတို့ခြေစွမ်း ဒီနှစ်အတော်လေး ကောင်းလာပါတယ်။ အဝေးကွင်းမှာ ကျွန်တော်တို့ကံကောင်းလို့ ရှုံးပွဲမကြုံရတာပါ။

လီဗာပူးကွင်းမှာ တစ်မှတ်ယူနိုင်ပေမယ့် အဖိုးတန်ပါတယ်။ ဂုဏ်သိက္ခာအရ အသာစီးမရခဲ့ရင်တောင် ရှုံးပွဲမကြုံလို့ စိတ်သက်သာစရာပါ။ ကစားသမားနဲ့ ဗျူဟာတွေ ပြောင်းလဲကြည့်ရပါဦးမယ်။" **(အင်တာနက်)**

"ကစားသမားနဲ့ ဗျူဟာတွေ ပြောင်းလဲရမယ်။" (အာစင်ဝင်းဂါး)

စင်ကာပူ လူငယ် အိုလံပစ်အားကစားပွဲတော် ဗီယက်နမ်၊ အစ္စရေးနှင့် နယူးဇီလန်တို့ ရွှေဆွတ်ခူး

အာကာဟိန်း - ရေးသားသည်

စင်ကာပူ ဩဂုတ် ၁၆

စင်ကာပူလူငယ်အိုလံပစ် အားကစားပွဲတော်ကို ဩဂုတ် ၁၆ရက်က ဆက်လက်ကျင်းပရာ ဗီယက်နမ်၊ အစ္စရေးနှင့် နယူးဇီလန် လူငယ်ကစားသမားများ ရွှေတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည်။

အစ္စရေးရွှေ

စင်ကာပူ လူငယ်အိုလံပစ် အားကစားပွဲတော်၏ တိုက်ကွမ်ဒို ပြိုင်ပွဲတွင် အစ္စရေးလူငယ်တိုက်ကွမ်ဒို ကစားသမား ဂီလီဟာရီမိုဗစ်ဇ်က အီရန်လူငယ်တိုက်ကွမ်ဒို ကစားသမား ဝင်ရောက် ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် အနိုင်ရရှိကာ အစ္စရေးနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

အီရန်လူငယ်တိုက်ကွမ်ဒို ကစားသမား မိုဟာမက်ဆိုလီမာနီသည် လက်မောင်းရိုးဒဏ်ရာရရှိခဲ့သဖြင့် နောက်ဆုံးဗိုလ်လုပွဲ၌ ဝင်ရောက်ဆင်နွှဲနိုင်ခြင်းမရှိခဲ့ရာမှ အစ္စရေး တိုက်ကွမ်ဒိုကစားသမား ဂီလီဟာရီမိုဗစ်ဇ်က အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

နယူးဇီလန်ရွှေ

စင်ကာပူ လူငယ်အိုလံပစ် အားကစားပွဲတော်၏ သုံးမျိုးအခက်အခဲ ပြိုင်ပွဲ

နယူးဇီလန် ရွှေဆွတ်ခူးပေးသည့် အာရွန်ဂလေ။

တွင် နယူးဇီလန်မှ ဆယ်ကျော်သက် အားကစားသမား အာရွန်ဘာဂလေက ၅၄မိနစ် ၄၁စက္ကန့်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းရွှေတံဆိပ်သည် နယူးဇီလန် လူငယ် အားကစားအဖွဲ့အတွက် ပထမဆုံး ရွှေတံဆိပ်ပင်ဖြစ်သည်။ နယူးဇီလန် ဆယ်ကျော်သက် အားကစားသမား အာရွန်ဘာဂလေသည် အေသင်အိုလံပစ်ချန်ပီယံ ဟာမစ်ကာတာအား ဖြတ်ကျော်ကာ အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်ရွှေ

စင်ကာပူ လူငယ်အိုလံပစ်အားကစားပွဲတော်၌ ဗီယက်နမ်နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ် ဆွတ်ခူးပေးသည့် ဆယ်ကျော်သက် အားကစားသမားမှာ အလေးမ အားကစားသမား တက်ကင်တန်ဖြစ်သည်။ လူငယ်အလေးမပြိုင်ပွဲ၌ တက်ကင်တန်က စုစုပေါင်း ကီလို ၁၉၀ မပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ထိုင်းအလေးမ ကစားသမား ဆီရီဗီမွန်က ၁၆၃ကီလိုမပြီး ငွေတံဆိပ်ရရှိခဲ့သည်။ ဗီယက်နမ် ဆယ်ကျော်သက် အလေးမအားကစားသမား တက်ကင်တန်သည် အသက် ၁၆နှစ်အရွယ်သာရှိပြီး ၂၀၀၉ ခုနှစ်ကလည်း ဂျူနီယာ အာရှချန်ပီယံရှစ်အလေးမပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ဆုနှင့် ငွေတံဆိပ် နှစ်ဆု ဆွတ်ခူးရရှိခဲ့သည်။

အိမ်ရှင်ဆုတံဆိပ်

အိမ်ရှင်စင်ကာပူ အားကစားမောင်မယ်များက ဩဂုတ် ၁၆ရက်အထိ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခု၊ အလေးမပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခုဆွတ်ခူးရရှိထားသည်။

တင်းနစ်

စင်ကာပူ လူငယ်အိုလံပစ်ပြိုင်ပွဲ၌ အမျိုးသားတင်းနစ် တစ်ဦးချင်းပြိုင်ပွဲတွင် ကမ္ဘာ့လူငယ် တင်းနစ်ကစားသမား အဆင့်တစ်ဖြစ်သည့် ဟန်ဂေရီမှ မာတန်ဖူကိုဗစ်က ဗြိတိန်ဆယ်ကျော်သက် တင်းနစ် အားကစားသမား အိုလီဗာအား ၅-၇၊ ၃-၆ ဖြင့် ရှုံးပွဲကြုံခဲ့သည်။ အိုလီဗာရွှေတံဆိပ်ရရှိခဲ့သည်။

စင်ကာပူ လူငယ်အိုလံပစ်အားကစားပွဲတော်ကို ဆက်လက်ဆင်နွှဲလျက်ရှိသည်။ **(အင်တာနက်)**

ဗီယက်နမ် အလေးမသမား တက်ကင်တန်။

အာကာကျော် - ရေးသားသည်

နောက်လာမည့်အင်္ဂလန်အသင်းနည်းပြ အင်္ဂလိပ်လူမျိုး ဖြစ်သင့်ဟုဆို

လန်ဒန် ဩဂုတ် ၁၆

အင်္ဂလန် ဘောလုံးအသင်း၏ နောက်လာမည့်နည်းပြသည် အင်္ဂလိပ်လူမျိုး တစ်ဦးသာဖြစ်သင့်ကြောင်း အက်ဖ်အေက ပြောကြားသည်။

လက်ရှိ အင်္ဂလန်နည်းပြ ကာပယ်လိုသည် ၂၀၁၂ခုနှစ်အထိ အင်္ဂလန်အသင်းနှင့် စာချုပ်ထားသည်။ ၎င်းသည် အင်္ဂလန်အသင်းကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အဆိုးရွားဆုံးရလဒ်ဖြင့် ထွက်ခဲ့ရပြီးနောက် ဖိအားပေးခံနေရသည်။

အီတလီနိုင်ငံသား အင်္ဂလန်နည်းပြကာပယ်လိုသည် သူ၏အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့ လာမည့် နိုဝင်ဘာ ၁၇ရက်တွင် ဝင်ဘလေကွင်းကြီး၌ ချစ်ကြည်ရေး ခြေစမ်းပွဲကစားရန် ပြင်ဆင်လျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာကျော်များကို အနိုင်ကစားပြီး အင်ဒီမာရေး ဖလားရယူခဲ့

တိုရွန်တို ဩဂုတ် ၁၆

ဗြိတိသျှ တင်းနစ်ကစားသမား အင်ဒီမာရေးသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ယှဉ်ပြိုင်ကစားသည့် ရိုဂျားစ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ် (၁)နှင့် (၂) တို့ကို အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

မာရေးသည် ဩဂုတ် ၁၄ရက်က အကြိုဗိုလ်လုပွဲတွင် စပိန်မှ ကမ္ဘာ့နံပါတ်တစ် ရာဖေးလ်နာဒယ်အား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်နှစ် ရော်ဂျာဖက်ဒဲယားအား ၇-၅၊ ၇-၅ ဖြင့် နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

ဖက်ဒဲယားသည် ဂရင်းဆလမ်ဖလား ၁၆လုံး ဆွတ်ခူးနိုင်ခဲ့သည့် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်းလည်း ဖြစ်သည်။ ၎င်းသည် ဂရင်းဆလမ်ဖလား အလုံး ၂၀ ဆွတ်ခူးနိုင်ရေး ကြိုးစားနေသူဖြစ်သည်။ သို့သော် အင်ဒီမာရေးက ဖက်ဒဲယားအား မိုးထဲရေထဲတွင် အကြိတ်အနယ်ကစားပြီး ၎င်း၏ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။ (အင်တာနက်)

ယူအက်စ်ပီဂျီအေဖလား ဂျာမနီသား ကေးမာဆွတ်ခူး

အိုဟိုင်းယိုး ဩဂုတ် ၁၆

ဂျာမနီ ဂေါက်သီးကစားသမား မာတင်ကေးမာသည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုး၌ ယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးကစားသမား ဘွတ်ဘာဝက်ဆန်နှင့် ကျင်းပိုကစားပြီး ဖလားဆွတ်ခူးခဲ့သည်။

ယင်းတို့နှစ်ဦးသည် စုစုပေါင်း ၁၁ချက်စီလျှော့ရိုက်ခဲ့ကြသဖြင့် ကျင်းပိုကစားခဲ့ကြသည်။ အသက် ၂၅နှစ်အရွယ်ရှိ မာတင်ကေးမာသည် ကျင်းပိုတွင်လည်း အမေရိကန် ဂေါက်သီးကစားသမားထက် လျှော့ရိုက်ချက်ပိုရိုက်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်သည် စုစုပေါင်းရိုက်ချက်ထက် နှစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။ **(အင်တာနက်)**

စင်စင်နာတီ အိုးပင်းတင်းနစ် ကလစ္စတား ဖလားဆွတ်ခူး

စင်စင်နာတီ ဩဂုတ် ၁၆

အမေရိကန်နိုင်ငံ စင်စင်နာတီ၌ ယှဉ်ပြိုင်ကစားသည့် စင်စင်နာတီ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံ တင်းနစ်မယ် ကလစ္စတားက မာရီယာ ရှာရာပိုဗာအား အနိုင်ရပြီး ဖလားဆွတ်ခူးသွားသည်။

ကလစ္စတားသည် ဗိုလ်လုပွဲတွင် ၃-၆၊ ၇-၆ (၇-၄)၊ ၆-၂ဖြင့် ရှာရာပိုဗာအား အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခဲ့သဖြင့် ၂၀၁၀ခုနှစ်အတွင်း တတိယမြောက်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

လက်လွှတ်

ရှာရာပိုဗာသည် ယခုနှစ်အတွင်း မမ်ဖစ်နှင့် စထရာဘတ်ပြိုင်ပွဲများ၌ ဖလားဆွတ်ခူးပြီးနောက် သူမ၏ တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် ၂၃လုံးမြောက်သောဖလားကို ဆွတ်ခူးရန် ကြိုးစားနေခဲ့သည်။ သို့သော် စင်စင်နာတီပြိုင်ပွဲတွင် ခြေမျက်စိ အနာတရဖြစ်ပွားသဖြင့် ဖလားလက်လွှတ်ခဲ့ရသည်။ (အင်တာနက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ ၈၉ လမ်း အမှတ်(၁၆) (၄ လွှာ)တွင် ပါတီရုံးချုပ်တည်ရှိသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ National Development and Peace Party က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၈-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ၏ အလံပုံစံ

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

KHAING KHAING SANG DA MOTORCAR MFD CO., LTD.

KK JAC, SD 02, SD 01R ကား(၁)မျိုးလျှင် ကားအစီး(၃၀)အား
၂၀. ၈. ၂၀၁၀ရက် မှ ၂၄. ၈. ၂၀၁၀ ရက်အတွင်း
ကား(၁)စီး ဝယ်ယူသူတိုင်း (၁၀)သိန်းလျှော့၍ ရောင်းချပေးမည်

No. 79/80, TharDuKan Industrial Zone (3/4), ShwePyiThar Tsp, Yangon.
No. 148, Pyay Road, (A-1 ရုပ်ရှင်ရုံအနီး), MaYanGone Tsp, Yangon.
Tel: 611229, 611351, 095108819Tel: 6608871, 09-8645893

ဂျပန်နိုင်ငံမှ မီးသတ်ယာဉ်ရှစ်စီး မီးသတ်ဦးစီးဌာနသို့ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံမှ မီးသတ်ယာဉ်ရှစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး တင်မိုး၊ ဗဟိုမီးသတ် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသိန်းဦး၊ မီးသတ်ဦးစီးဌာန (နေပြည်တော်)၊ အထက်မြန်မာပြည် ကွပ်ကဲမှုရုံးနှင့် အောက်မြန်မာပြည် ကွပ်ကဲမှုရုံးတို့မှ အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်

အဆိုပါ အခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးလှမြင့်၏ ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ OKAZAKI မြို့နေ ကျောင်းအုပ်ကြီး Mr. Matsui Yukihiko က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မီးသတ်ယာဉ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ **(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားသည်။

စီစဉ်ထား

ယနေ့လှူဒါန်းသော မီးသတ်ယာဉ်ရှစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ဖြစ်ပြီး သယ်ယူပို့ဆောင်ရေး စရိတ်ကို ဦးယဉ်ထွေးသက် (Reliance Fire System Co., Ltd.) နှင့် ဦးစိုးဝင်းထွန်း (West Corporation Co., Ltd.) တို့က ကျခံလှူဒါန်းခဲ့ကြပြီး Mr. Matsui Yukihiko သည် ပြည်ထောင်စု မြန်မာနိုင်ငံသို့ မီးသတ်ယာဉ်များ ထပ်မံလှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၆-၈-၂၀၁၀ ရက်တွင် UNITED AMARA BANK (UAB Bank)အား နေပြည်တော်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

Moon Ray Co., Ltd. မိသားစု။

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅)၌ အတူတကွ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ညီနောင်များ၏ သင်တန်းဆင်း တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဩဂုတ် ၇ရက်က ဇဟာန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။

(သတင်းစဉ်)

အားကစားနှင့် ဘဝပုံရိပ်လွှာ အားကစားနှင့် ဘဝပုံရိပ်လွှာ

တင်းနစ်မယ်ကာရိုလိုင်း ကောက်ကြောင်း

အာကာဟိန်း ရေးသားတင်ပြသည်

အိုဒန်စီ ဩဂုတ် ၁၆

ကမ္ဘာ့အမျိုးသမီးတင်းနစ်လောက၌ လှပပြီး အောင်မြင်မှုများရယူနိုင်စွမ်း ရှိသည့် တင်းနစ်မယ်များစွာရှိရာ ကမ္ဘာ့ အမျိုးသမီးတင်းနစ်လောကတွင် တတိယနေရာ၌ ရပ်တည်နေသော ကာရိုလိုင်းဝူနီရာစကီ၏ ကောက်ကြောင်းကို ဖော်ပြရပါလျှင်-

အမည်	။	။ ကာရိုလိုင်းဝူနီရာစကီ။
ကမ္ဘာ့အဆင့်	။	။ တတိယ(တစ်ဦးချင်း)။
မွေးသက္ကရာဇ်	။	။ ၁၉၉၀ ပြည့်နှစ် ဇူလိုင် ၁၁ရက်။
မွေးရပ်	။	။ ဒိန်းမတ်နိုင်ငံ၊ ကိုပေဟေဂင်မြို့။
အရပ်	။	။ ၅ ပေ ၁၀ လက်မ။
အကောင်းဆုံးကစားမှု	။	။ အမြင့်ဘော၊ ညာရိုက်ချက်။
နည်းပြ	။	။ မစ်ကေးနော်ဘိုင်။
စတင်ကစားသည့်အရွယ်	။	။ ခုနစ်နှစ်။
မိသားစု	။	။ ဖခင် ပိုင်အိုတာနှင့် မိခင် အန်နာ၊ အစ်ကိုဖြစ်သူ ပက်ရစ်ခ်။
ဝါသနာ	။	။ ဈေးဝယ်ထွက်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းနှင့် စာဖတ်ခြင်း။
၂၀၁၀ခုနှစ်ပြိုင်ပွဲရလဒ်	။	။ နိုင်ပွဲ ၃၈ ပွဲ၊ ရှုံးပွဲ ၁၄ ပွဲ (တစ်ဦးချင်း)။ နှစ်ယောက်တွဲ သုံးပွဲနိုင်၊ ရှစ်ပွဲရှုံး။
တစ်ဦးချင်းပြိုင်ပွဲပေါင်း	။	။ ၂၁၂ ပွဲနိုင်၊ ရှုံးပွဲ ၉၀။
ကမ္ဘာ့အဆင့်မှတ်တမ်း	။	။ တစ်ဦးချင်း တတိယ၊ နှစ်ယောက်တွဲ အ၄မ။
လေ့ကျင့်မှု	။	။ နေ့စဉ် နံနက် တစ်နာရီ၊ ညနေ တစ်နာရီ (တင်းနစ်ကစား)၊ အလွတ်ပြေး မိနစ် ၃၀။
ရည်မှန်းချက်	။	။ ၂၀၁၁ ခုနှစ်၌ ကမ္ဘာ့အဆင့်(၁)နေရာ ရရှိရေး။

(အင်တာနက်)

မြဝတီမြို့နယ်၌ သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိသဖြင့် အပြစ်မဲ့ ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၆

ကရင်ပြည်နယ် မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာ အမှတ်(၄)ရပ်ကွက်နေ ဦးဝင်းတင်သည် ဩဂုတ်၁၀ရက် နံနက်ပိုင်းတွင် အမိုးကုန်းတောင်ရှိရာ တောတွင်းသို့ ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ယာဒူးအောက်ပြတ်၊ မျက်နှာမိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့၍ မြဝတီမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဩဂုတ်၁၀ရက်အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် သေဆုံးသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ရှစ်ဦးနှင့် ဒဏ်ရာရရှိသူ အမျိုးသား ၄၁ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၄၆ဦး ရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘုရားသုံးဆူမြို့နယ်၌ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးနှစ်လုံးတွေ့ရှိခဲ့ မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ သတင်းပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်

နေပြည်တော် ဩဂုတ် ၁၆

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ် မြေစာရင်းဦးစီးဌာနရုံးရှေ့မြေကွက်လပ်၌ ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် လက်ပစ်ဗုံးတစ်လုံးတွေ့ရှိကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ခြံစည်းရိုးအပြင်ဘက်မှ နေ၍ ဗုံးကို "ပင်"ဖြုတ်ကာ ရုံးအတွင်း ပစ်သွင်းထားသော မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးတစ်လုံးနှင့် လမ်းမပေါ်၌ ဖြုတ်ထားသည့် စနက်တံတို့ကို တွေ့ရှိခဲ့ကြောင်း၊ ဆက်လက်၍ အနီးပတ်ဝန်းကျင်၌ ဆက်လက်ရှာဖွေရှင်းလင်းရာ မြေစာရင်းရုံးယာဘက် ကိုက် ၃၀၀ခန့်အကွာရှိ ဆက်သွယ်ရေး ရုံးဝင်းရှေ့၌ အလားတူအစပျိုး ယမ်းကတ်ပေါက်ကြီး ပင်မဗုံးကိုယ်ထည် မကွဲသော လက်ပစ်ဗုံး တစ်လုံးနှင့် ဇမမကျည် ၁၁တောင့်တို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ ပြည်သူများသေကျေဒဏ်ရာရရှိစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ လက်ပစ်ဗုံးများ အဝေးမှပစ်သွင်းခြင်း၊ မိုင်းထောင်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါကတာဝန်ရှိသူများထံ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း ဟားခါးမြို့နယ် ဌာနဆိုင်ရာလက်ဖက်စိုက်ခင်း စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇူလိုင် ၂၈ရက် နံနက်ပိုင်းက ဟားခါးမြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ပေါင်းရှင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးပေး

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၃၀ရက်က ဟားခါးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဌာနပိုင်လက်ဖက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် သောက်သုံးရေကန် ပြုပြင်ထိန်းသိမ်းမှု၊ သီမစ်ဒေသ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့်ပျိုးပင်ထိန်းသိမ်းမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကောလင်းမြို့ ရွှေမင်းဝံ ပန်းခြံလမ်း ခင်းခြင်း ဆောင်ရွက်ထားရှိမှု ကို ဇူလိုင် ၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပထမအကြိမ် ကြက်ခြေနီအသိပညာပြန့်ပွားရေး

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ပထမအကြိမ်ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌဦးခင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းမှ တိုင်း၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ (ကြက်ခြေနီတပ်ရင်းမှူးများ)၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်ကျင်းပ

ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များအတွက် ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ရန်ကုန်တိုင်းကြက်ခြေနီတပ်ဖွဲ့ရုံး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်း သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ် အသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်တွင် Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

ကူညီပေး

Institute of Hospitality(UK)နှင့် Institute of AH&LA (USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်း တက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဩဂုတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်-၂၆၇ အခန်း-၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့ ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉- ၅၀-၂၀၃၀၂တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အားကစားအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၆

မသန်စွမ်းသူများနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ရေး၊ကျန်းမာသန်စွမ်းရေးနှင့် ပြည်သူများအတွင်း မသန်စွမ်းမှုဆိုင်ရာ အသိပညာကျယ်ပြန့်ရေးတို့အတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) အားကစားအသင်းသည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) အားကစားအသင်းဝင်များဖြစ်သည့် မြန်မာနိုင်ငံ အရပ်ရပ်မှ မသန်စွမ်းသူ ၃၀တို့သည် ရေကူး၊ ကြက်တောင်၊ တင်းနစ်၊ စစ်တုရင်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၈ရက်မှ စတင်၍ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်း၊ အမျိုးသားရေကူးကန်နှင့် သက်ဆိုင်ရာအားကစားကွင်းများ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ပြိုင်ပွဲဝင် အားကစားသမားများအတွက် အလှူငွေနှင့် သက်ဆိုင်ရာ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းလိုပါက ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းအမှတ်(၇၉၇) အခန်း ၁၀၄-ဘီ ပထမထပ် မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၁၅၉၃၉၊ ၂၂၉၀၈၇၊ ၂၂၂၉၂၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဖောင်ဒေးရှင်း)**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ စတုတ္ထအကြိမ်မြောက် စုပေါင်းအလှူပွဲကို ဩဂုတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အသင်းတည်ရှိရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ ဇဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒဌာနများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းဝင်မိသားစုများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးလှကြည် ဖုန်း- ၅၈၀၁၁၅၊ ဦးကြိုင်စိန် ဖုန်း- ၀၉-၂၀-၄၂၀၅၄၊ ဦးရီစိန် ဖုန်း- ၃၈၇၂၀၅၊ ဦးရဲမြတ်စိုး ဖုန်း- ၀၉-၅၀-၁၈၆၂၅၊ ဒေါက်တာ ဒေါ်တင်ငွေးမူ ဖုန်း- ၀၉-၅၁-၅၃၄၄၁၊ ဦးတင်ကျော်သန်း ဖုန်း- ၀၉-၅၀-၀၂၅၈၁၊ ဦးအေးလွင် ဖုန်း- ၀၉-၅၀-၀၆၂၅၈၊ ဦးစိုးသူရထွန်း ဖုန်း-၀၉-၅၁-၄၄၀၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့နယ်

သတင်း

ထွေထွေ

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

နမ္မတူ ဩဂုတ် ၁၀

နမ္မတူမြို့ မြို့မဈေး တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ် (၃) အခြေခံပညာမူလတန်းကျောင်းနှင့် မြို့မမူကြိုကျောင်းများ၏ အနီးဝန်းကျင်တို့တွင် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၃ ရက်က ခြင်ပိုးလောက်လမ်းများနှိမ်နင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းပြီး ခြင်ဆေးဖျန်း နှိမ်နင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းသိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

တောင်ငူမြို့ ဆေးရုံရှေ့ ရန်ကုန်-မန္တလေး ကားလမ်းဘေး၌ ရေမြောင်းရေစီးရေလာ ကောင်းရေးအတွက် အဖွဲ့ဝန်ထမ်းများ ရေမြောင်းများ ဖော်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းကို ဇူလိုင် ၃၀ ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းရေး

မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာအဖွဲ့က ရေစီးရေလာကောင်းရေးအတွက် စကုမြို့ ကောင်းကောင်းပေါင်းကူးတံတားအောက်ရှိ ရေနုတ်မြောင်းကို ဇူလိုင် ၁၆ရက်က စက်ယန္တရားဖြင့်ဖော်ထုတ်လျက်ရှိရာ ဦးစီးအရာရှိ ဦးသိဏ်းဆွေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးသန့်ဇော်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပွင့်ဖြူမြို့ သော်ကလမ်းကတ္တရာခင်း

ပွင့်ဖြူ ဩဂုတ် ၁၁

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အရှေ့ပိုင်းရပ်ကွက်မှ အရှည် ၄၆၅ပေရှိ သော်ကလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်သို့ ဇူလိုင် ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် နတ်တလင်းမြို့၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၆

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဩဂုတ် ၆ရက် နံနက်ပိုင်းက နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုအခြေအနေနှင့် ရေတော်မိုးတော်ကွင်းပိတ် စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌသည် မိုးညိုမြို့နယ်အတွင်း ရေဝတီမြစ်ကြောင်းတစ်လျှောက် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ကွင်းများနှင့် ဂုန်လျှော်ရိတ်သိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘုရားကြီးကုန်း၊ ခအောင်းပင်တာ ကြံ့ခိုင်ကောင်းမွန်မှု၊ မြစ်သာပေါက်တံတား တောင့်တင်းခိုင်မာမှုနှင့်မြစ်ရေဝင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ သံပရာခုံကျေးရွာ၌ တာဝန်ရှိသူတို့က တာများတောင့်တင်းအောင် ဆောင်ရွက်ထားရှိမှု၊ ရေကင်းထားရှိမှုနှင့် ရေဘေးကာကွယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရေယာဉ်ဖြင့် လက်ပံတန်းမြို့နယ်ရှိ ကွမ်းသီးတပင်တာ တောင့်တင်းခိုင်မာမှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၂ရက်က နေပြည်တော် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ အလှူရှင်ဦးသန်းဦး၊ ဒေါ်စိမ်းဝင့်လယ်လယ်သိန်းမိသားစုက ကျောင်းသား ကျောင်းသူများအား အာဟာရနို့ထမင်း ကျွေးမွေးလှူဒါန်းစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျွေးမွေးလှူဒါန်း

သက်ကြီးပူဇော်

ပုသိမ်မြို့ အမှတ်-၅ နယ်မြေ အောင်ဇေယျာဈေးသူ ဈေးသားများ၏ ပါရမီကုသိုလ်ပြုအသင်းက ကြီးမှူး၍ ဇူလိုင် ၂၇ရက်တွင် သက်ကြီးပူဇော်ပွဲကျင်းပရာ ပုသိမ်မြို့ ဘူတာရုံလမ်း ပြည်သာယာအိမ်ရာတိုက်ခန်း စီ-၁၊ စီ-၂နေ ဦးကြည်စိုး-ဒေါ်ခင်ဝါဝါတင်၊သား မောင်သီဟအောင်စိုး၊ သမီး မရွှန်းပပအေး (K.S.K ကုန်မျိုးစုံ ရောင်းဝယ်ရေး) မိသားစုက ဒုတိယအကြိမ်မြောက် ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ စတုဒိသာကျွေးမွေးလှူဒါန်းစဉ်။ (၁၅၇)

ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ မော်လမြိုင်မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များအားတွေ့ဆုံ

မော်လမြိုင် ဩဂုတ် ၁၁

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီခွဲက မော်လမြိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး (မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မော်လမြိုင်လုပ်ငန်းစုရုံး၊ ဌာနခွဲမှူး၊ တာဝန်ခံ) ဦးစိုးမင်းအောင်၊ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးသိုက်စိုးမိုး၊ မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ကိုယ်စား) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးသိုက်စိုးမိုးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်လမြိုင်လုပ်ငန်းစုရုံး ဌာနခွဲမှူး(တာဝန်ခံ) ဦးစိုးမင်းအောင်က ဗီဒီယိုလုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်ပြီး ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ဗီဒီယိုလုပ်ငန်းလိုင်စင်မဲ့၊ သက်တမ်းလွန်၊ ဆင်ဆာမဲ့(မြန်မာ/နိုင်ငံခြား)ဗီဒီယိုခွေ၊ မူပိုင်ခွင့်ပြုချက်မဲ့ မြန်မာဗီဒီယိုဇာတ်ကားများ(ကူးယူ၊ ဖြန့်ချိ၊ ငှားရမ်း၊ ပြသခြင်း)နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအား ဖောက်ဖျက်ကျူးလွန်မှုများကို ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အတွင်းမှ ဒဏ်ကြေးငွေချမှတ်အရေးယူခြင်းမျိုးမပြုလုပ်တော့ဘဲ အမှုဖွင့်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေး ရှင်းလင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

ဆက်လက်ပြီး ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးချန်ထွန်းက ဗီဒီယိုအခြေခံအဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အစီအစဉ်အရ လုပ်ငန်းရှင်များက ဗီဒီယိုလုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေး

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကွင်းဆင်းကျင်းပလျက်ရှိရာ ဇူလိုင် ၁၁ရက်က မုဒုံမြို့နယ်၌လည်းကောင်း၊ ဇူလိုင် ၂၄ရက်တွင် ကျိုက်မရောမြို့နယ်၌ လည်းကောင်း၊ဇူလိုင် ၃၁ရက်က ချောင်းဆုံမြို့နယ်၌ လည်းကောင်း ကျင်းပခဲ့သည်။ ကျန်ရှိနေသည့် မြို့နယ်ခုနစ်မြို့နယ်ကိုလည်း ကွင်းဆင်း၍ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်သည်။ (၀၁၄)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၆

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)အသင်းရုံး အမှတ် ၅၅(အယ်လ်) ရန်ကုန်-အင်းစိန်လမ်းမကြီး(၁၃)ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်းဝင်များနှင့် အုတ်ဖိုမြို့နယ်သူ မြို့နယ်သားများသည် စုပေါင်းလှူဒါန်းပွဲသို့ တက်ရောက်ကြရန်နှင့် ဝတ္ထုငွေနှင့် ပစ္စည်းလေးပါးလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြမြ ဖုန်း- ၆၄၄၇၄၀၊ အတွင်းရေးမှူး ဦးတင်မောင်ညွှန့် ဖုန်း-၀၉-၈၆-၁၈၃၀၅၊ တွဲဖက်အတွင်းရေးမှူး ဦးသက်ဆွေ ဖုန်း-၂၂၉၇၉၈၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀-၄၃၂၇၂ နှင့် ဦးမြတ်ဦး ဖုန်း-၀၉-၅၁-၈၇၀၆၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (မြန်မာ့အလင်း)

ရှင်းလင်းတင်ပြ

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စလင်းမြို့မဈေး၌ ရေရယူမှုအခြေအနေတို့ကို ဩဂုတ် ၆ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်း ကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ခုနှစ် ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ခုနှစ် ဩဂုတ် ၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်း ယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၆-၈-၂၀၁၀

အမ်းမြို့	၃ ဒသမ ၀၉	လက်မ
ဖန်းမော်မြို့	၂ ဒသမ ၈၃	လက်မ
ပေါင်မြို့	၁ ဒသမ ၉၇	လက်မ
ပူတာအိုမြို့	၁ ဒသမ ၆၁	လက်မ
မြစ်ကြီးနားမြို့	၁ ဒသမ ၄၂	လက်မ

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိပြီးသောအဖွဲ့များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိကြရာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party က ဩဂုတ် ၁၆ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားသည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့ (၄၇)ဖွဲ့ရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၄၂)ပါတီအနက် ပါတီ (၄၀)ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် တအာင်း(ပလောင်)အမျိုးသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၆)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)